


# နိဗ္ဗာန်ရှာချင်ရင်
# ဘယ်နေရာမှာ ထိုင်ပြီး ရှာရမှာတုံး

(၂၁၀)

ဟောကြားသည့်နေ့
၁၃ - ၈ - ၁၉၅၈

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ်(၃၇)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသောတရားတော်

# နိဗ္ဗာန်ရှာချင်ရင်
# ဘယ်နေရာမှာ ထိုင်ပြီး၊ ရှာရမှာတုံး

ဟောကြားသည့်နေ့ (၁၃-၈-၁၉၅၈)

အားလုံးမြင်ကြပါလိမ့်မယ်၊ ဒီသုံးခုချထားတာ မမြင်ကြဘူးလား. . . (မြင်ကြပါတယ်ဘုရား)။

## တရားဆိုတာဝီရိယအားစိုက်မှရတယ်

တရားဆိုတာ ဆုတောင်းရုံနဲ့ မရဘူးလို့မှတ်ထားကြ၊ ဝီရိယ အားစိုက်မှ ရတယ်လို့မှတ်ထားကြ၊ ဝီရိယအားစိုက်တဲ့အခါကျတော့ မာန်ကလေးလည်း တက်ပေးရတယ်၊ ဒီမာန်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် မာနတော့ မာနပဲတဲ့။

## နိဗ္ဗာန်ကျေးဇူးပြုတဲ့မာန

မာနပင်ဖြစ်ငြားသော်လည်း နိဗ္ဗာန်ကျေးဇူးပြုတဲ့မာနလို့ မှတ်ရတယ် (မှန်ပါ့) ကောင်းပြီ ဒါဖြင့် တစ်နေ့က တစ်ခါပြောခဲ့တယ်၊ အခုတစ်ခါမှတ်မိအောင်လို့ ထပ်ပြီးပြောပြမယ်။

တရားအားထုတ်တဲ့ပုဂ္ဂိုလ်များမှာ ဖြစ်ပျက်ကိုရှုတဲ့ ပုဂ္ဂိုလ်များမှာ . . .

၁။ မိမိကိုယ်ကို အကြီးအကဲထား၍ အားထုတ်ရမယ် (မှန်ပါ့)၊ ဘာတဲ့တုံး (မိမိကိုယ်ကို အကြီးအမှူးထား၍ တရား အားထုတ်ရပါမယ်)။

၂။ သူတစ်ပါးကို အကြီးအကဲထား၍လည်း တရား အားထုတ်ရမယ် . . . (မှန်ပါ)။

၂-နံပါတ်က ဘာတဲ့ . . . (သူတစ်ပါးကို အကြီးအကဲထား၍ တရားအားထုတ်ရပါမယ်)။

၃။ မြတ်စွာဘုရား တရားတော်ကို အကြီးအကဲထား၍လည်း တရားအားထုတ်ရမယ် . . . (မှန်ပါ့)။

၃-နံပါတ်ကဘာတဲ့. . . (မြတ်စွာဘုရား တရား တော်ကို အကြီးအကဲထား၍ တရားအားထုတ်ရပါမယ်)။

## အဓိပတိထားရမယ်

အကြီးအကဲဆိုတာ အဓိပတိထားရမယ်. . . (မှန်ပါ)။

တိကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဤအတိုင်းလာတဲ့အတွက် ဒကာ ဒကာမတွေအား ထပ်ပြန်ပြီး သတိပေးလိုက်ပါတယ် . . . (မှန်ပါ)။

ဤသုံးခုနဲ့ ကြိုးစားကြမယ်ဆိုလို့ရှိရင်ဖြင့် ဒကာကြွယ်တို့ ဒကာသိုက်တို့နေရာကျပါလိမ့်မယ်. . . (မှန်ပါဘုရား)။ လိုရာခရီး ပေါက်ရောက်ပါလိမ့်မယ်. . . (မှန်ပါဘုရား)။

## တရားအားထုတ်တဲ့ပုဂ္ဂိုလ်များ

မိမိကိုယ်ကို အကြီးအကဲထား၍ တရားအားထုတ်ရမယ် ဆိုတဲ့ ၁-နံပါတ်ကို ပြောပါမယ်။

၁-နံပါတ်က ဘာပါလိမ့်မလဲလို့ မေးလို့ရှိရင် မိမိကိုယ်ကို အကြီးအကဲထားပြီး တရားအားထုတ်ရမယ်. . . ။

မိမိတရားအားထုတ်တာသည် စားစရာမရှိလို့ တရားအားထုတ်ကြတာလည်း မဟုတ်ဘူး။ ဝတ်စရာမရှိလို့ . . . (တရားအားထုတ်တာလည်း မဟုတ်ပါဘူး)။ နေစရာအိမ်မရှိလို့ . . . (တရားအားထုတ်တာလည်းမဟုတ်ပါဘူး)။ ဟိုဘဝ ဒီဘဝ ရောက်ချင်လို့ . . . (တရားအားထုတ်တာလည်း မဟုတ်ပါဘူး)။

အဲဒီလိုစိတ်ထဲမှာ ေ... က်မေ့ရမယ်။ ဩော်-ဝတ်စရာ၊ စားစရာ၊ နေစရာထိုင်စရာ၊ ဟိုဘဝ ဒီဘဝလိုချင်လို့ တရာအား ထုတ်တာ မဟုတ်ဘူး၊ ဇာတိ ဇရာ မရဏဆိုတဲ့ ဘေးသုံးဘေးကို မတွေ့ချင် မကြုံချင်လို့ တရားအားထုတ်တာ (မှန်ပါ)။

## ကိုယ့်ကိုယ်ကိုမြှောက်ပင့်ပြီးထားရမယ်

အဲဒီတော့ မိမိကိုယ်ကိုမြှောက်ပင့်ပြီးသကာလ ထားရမယ် . . . (မှန်လှပါ)။ ငါအားထုတ်တာသည် စားစရာမရှိလို့ အားထုတ်တာမဟုတ်ပါဘူး။ မိမိကိုယ်ကို အဓိပတိတင်ရမယ် . . . (မှန်ပါ)။ ဝတ်စရာမရှိလို့ တရားအားထုတ်တာမဟုတ်ဘူး။ နေစရာ ထိုင်စရာမရှိလို့. . . (တရားအားထုတ်တာမဟုတ်ပါဘူး)။ ဟိုဘဝ ဒီဘဝရောက်ချင်လို့. . . (တရားအားထုတ်တာမဟုတ်ပါဘူး)။ ဇာတိ ဇရာ မရဏတို့ကို ကျော်လွန်ချင်လို့ တရားအားထုတ်တာ. . . (မှန်ပါ)။

## ဝီရိယပြင်းထန်ပြီးမဂ်ဉာဏ်ပေါ်နိုင်တယ်

ဤကဲ့သို့ စိတ်ထဲမှာထားပြီးသကာလ ဇာတိ ဇရာ မရဏ ကိုသာလျှင် ကျော်လွန်ချင်လို့ အားထုတ်တာ။ တခြားသော အကြောင်းဘာမှမရှိဘူး။ ဒါကိုသာလျှင် လိုချင်တာ အဓိကပဲဆိုပြီး အားထုတ်လို့ရှိရင် မိမိကိုယ်ကို အဓိပတိထားပြီးသကာလ၊ အကြီးအကဲထားပြီးသကာလ၊ အားထုတ်တဲ့အတွက် ဝီရိယပြင်း ထန်ပြီးသကာလ မဂ်ဉာဏ်ပေါ်နိုင်တယ် . . . (မှန်ပါ)။

ဝီရိယပြင်းထန်ပြီးဘာတဲ့. . . (မဂ်ဉာဏ်ပေါ်နိုင်ပါတယ်)။ ဒါက ဘယ်သူ့အဓိပတိထားတာပါလိမ့်. . . (ကိုယ့်ကိုယ်အဓိပတိထားတာပါ)။ ၁-နံပါတ်သဘောကျပြီလား (ကျပါပြီ)။

## ဇာတိ ဇရာကို ကြောက်လို့တရားအားထုတ်တာ

အဲဒီတော့ တရားအားထုတ်ရင်းများ ဒကာ ဒကာမတွေ သန္တာန်မှာ၊ အားမထုတ်ချင်တဲ့ ဝီရိယများ လျော့လာလို့ရှိရင် မင်းသည် စားစရာမရှိလို့ တရားအားထုတ်တာမဟုတ်ဘူး။ ဝတ်စရာမရှိလို့ တရားအားထုတ်တာမဟုတ်ဘူး။ နေစရာ ထိုင်စရာ မရှိလို့ တရားအားထုတ်တာမဟုတ်ဘူး။ ဟိုဘဝ ဒီဘဝ ရောက်ချင်လို့ တရားအားထုတ်တာမဟုတ်ဘူး။ မင်းသည်ကား လို့ဆိုရင် ဇာတိ ဇရာ မရဏကို ကြောက်လွန်း ရွံ့လွန်း မုန်းလွန်း လို့ မတွေ့ချင်မကြုံချင်လို့ တရားအားထုတ်တာပဲဆိုပြီး သကာလ ဝီရိယပြင်းထန်ပြီး အားထုတ်လို့ရှိရင်ဖြင့်၊ ဒီဘဝမဂ်ဉာဏ် ဖိုလ်ဉာဏ်ရ၍ ဒုက္ခခပ်သိမ်းငြိမ်းပါလိမ့်မယ်လို့ ဘုရားက ၁-နံပါတ်အဖြေပေးလိုက်တယ် . . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါပြီ)။

ဘာများ အဖြေပေးလိုက်ပါလိမ့် . . . (မိမိကိုယ်ကို အခိ ပတိထားရပါမယ်)။ မိမိကိုယ်ကို အခိပတိထားပြီး အားထုတ် လို့ရှိရင်ဖြင့် ဒီဘဝကိစ္စပြီးပါလိမ့်မယ်လို့ အဖြေပေးလိုက်ပါတယ် . . . (မှန်ပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီ)။

၂-နံပါတ်အဖြေ သတိထားပါ။ ထပ်ဟောတာ ဒကာမ တွေ။ ၂-နံပါတ်အဖြေက သူတစ်ပါးကို အကြီးအကဲထား၍ ဘရားအားထုတ်ရမယ် . . . (မှန်ပါ)။

## သူ့တစ်ပါးအကြီးအကဲထားပါ

ပထမ ကိုယ့်ကိုယ်ကိုတော့ဖြင့် ငါသည်စားစရာ သောက်စရာ၊ နေစရာ ဝတ်စရာမရှိလို့ တရားအားထုတ်သည်မဟုတ်ဘူး။ ဟိုဘဝ ဒီဘဝလိုချင်လို့ တရားအားထုတ်သည် မဟုတ်ဘူးဆိုပြီး တရားအားထုတ်တယ်တဲ့။

ထိုကဲ့သို့ အားထုတ်နေတုန်း ဦးလှဖူးတို့၊ ဒကာသိုက်တို့၊ ဒကာကြွယ်တို့ လိုချင် ရချင်တဲ့ စိတ်ကလေးပေါ်မယ်ဆိုပါတော့ . . . (မှန်ပါ)။ ဗျာပါရဆိုတဲ့ ကြောင့်ကြမှုတွေ ဝင်လာတယ်ဆိုပါတော့၊ စားရေးသောက်ရေး၊ နေရေးထိုင်ရေး၊ တိုင်းရေးပြည်ရေးတွေနော်. . . (မှန်ပါ)။ ဝိဟိံသဝိတက်ဆိုတဲ့ သူတစ်ပါးညှဉ်းဆဲချင်တဲ့ ဝိတက်ပေါ်လာမယ်ဆိုပါတော့။ အားထုတ်ရင်း ကြားထိုးလာမှာပေ့ါဗျာ . . . (မှန်ပါ)။

အားထုတ်ရင်း ကြားထိုးလာခဲ့လို့ရှိရင် ဒကာ ဒကာမတွေ၊ ဩော် မင်းသည်ကားလို့ဆိုရင် အရှက်အကြောက်မရှိလိုက်တာ လို့ ကိုယ့်ကိုယ်ကို မြည်ပါ တွန်ပါတဲ့. . . (မှန်ပါ)။

ဘယ်လိုမြည်ရ တွန်ရမှာတုံး . . . (မင်းသည်ကားလို့ဆိုရင် အရှက်အကြောက်မရှိလိုက်တာလို့ မြည်ရ တွန်ရပါမယ်)။

မင်းသည် အရှက်အကြောက်မရှိဘူး။ မင်းမှာကြည့်စမ်း၊ ကာမဝိတက်ဆိုတဲ့ လောဘဝင်လာတယ်၊ ဗျာပါဒဝိတက်ဆိုတဲ့ ဒေါသအနုစားဝင်လာတယ်။ ဝိဟိံသဝိတက်ဆိုတဲ့ ဒေါသ

အကြမ်းစားဝင်လာတယ်။ မင်းတရားအားထုတ်နေတာ ကြည့်စမ်း၊ မင်းလာတဲ့ ဝိတက်တွေက သူတော်ကောင်းအလုပ် ဟုတ်ပါရဲ့လားလို့ ကိုယ့်ကိုယ်ကိုမေး. . . (မှန်ပါ)။

## မင်းရဲ့ကိုယ်စောင့်နတ်ကသိတယ်

အဲဒီတော့ မင်းက ထိုင်ပုံကတော့ သူတော်ကောင်း အလုပ်။ သူများကကြည့်လိုက်ပြန်လည်း သူတော်ကောင်း အလုပ်။ မင်းဝမ်းထဲရှိတာတွေကတော့ လောဘရယ်၊ ဒေါသ အနုစားရယ်၊ ဒေါသအကြမ်းစားရယ် ဝင်လာတယ်။ မင်းနှယ်ကွာ အရှက်အကြောက်မရှိလိုက်တာ။ မင်းက မသိဘူးထင်နေတယ်၊ မင်းကိုယ်စောင့်နတ်ကသိတယ်။ မင်းတရားအားထုတ်တာ မဟုတ်ဘူးဆိုတာ. . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါပြီ)။

ဘယ်သူက သိသတဲ့. . . (ကိုယ်စောင့်နတ်က သိပါ တယ်ဘုရား)။ ကိုယ်စောင့်နတ်က သိတယ်ဆိုတော့ ကိုယ့် ဟာကိုယ် ကြောက်လာတယ်။ ရှက်လာတယ် . . . (မှန်ပါ)။ မင်းကိုယ်စောင့် နတ်ကသိတယ်။ သူတစ်ပါး စိတ်ကို သိတယ်တဲ့ နတ်တွေက သိတယ်ကွလို့ သူ့ကိုမြည်တွန်ပေးရမယ် . . . (မှန်ပါ)။

## လောကကြီးထဲမှာမင်းမရှက်ဖူးလား

ဒါတင်မကသေးဘူးကွ။ အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေက မင်းတရားအားထုတ်တယ်ဆိုပေမယ့် မင်းသန္တာန်မှာ ဝိတက်တွေ ဗရပွေနဲ့ အကုသိုလ်ချေးတွေ ကပ်နေတယ်ဆိုတာ မင်းကိုမြင်ကြပါတယ်. . . (မှန်ပါ)။ ဆိုပြီး သူတစ်ပါးငဲ့ပြီး သကာလ အလုပ်လုပ်နေတာက သူတော်ကောင်းအလုပ်၊ ဝင်လာတဲ့တရားတွေက လောဘ၊ ဒေါသအနုစားအရင့်စားတွေ ဝင်လာတယ်။ ဒါ့ကြောင့် မင်းသည်ကားလို့ဆိုရင် အရှက်အကြောက်မရှိတဲ့ ပုဂ္ဂိုလ်ပဲ။ လောကကြီးထဲလည်း မင်းမရှက်ဘူး၊ သူမြင်ငါမြင်လည်း မင်းမရှက်ဘူး။ သံသရာကိုလည်း မင်းမကြောက်။ မင်းဟာ တယ်ဖျင်းပါကလားဆိုပြီး သကာလ ဒါတွေကို ဖြစ်ပျက်ရှုပစ်ပါ . . . (မှန်လှပါဘုရား)။

## ဝင်လာသမျှဖြစ်ပျက်ရှု

လောဘဝင်လာရင်. . . (ဖြစ်ပျက်ရှုရပါမယ်)။ ဒေါသအနုစားဝင်လာရင်. . . (ဖြစ်ပျက်ရှုရပါမယ်)။ ဒေါသခပ်ကြမ်းကြမ်းဝင်လာရင်. . . (ဖြစ်ပျက်ရှုရပါမယ်)။ ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ အနိစ္စနဲ့ မဂ္ဂဖြစ်သွားတယ်. . . (မှန်ပါ)။

ဒီလိုဝင်လာတဲ့အချိန်မှာ ဒီလိုဖြတ်ပြီး ရှုလိုက်လို့၊ ဝီရိယတိုးပြီး ဆရာဘုန်းကြီးပြောတဲ့အတိုင်း ရှုလိုက်လို့ရှိရင်လည်း

သူတစ်ပါးကိုရှက်တာ၊ သံသရာကိုကြောက်တာနဲ့ပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ဒကာကြွယ် ဆိုက်သွားသတဲ့ဗျ . . . (မှန်ပါ)။

ကဲ. . . ပြင်တတ်ကြပြီလား . . . (ပြင်တတ်ပါပြီဘုရား)။ ဒါက သူတစ်ပါးကို အဓိပတိထားပြီး ကြိုးစားတာ (မှန်ပါ)။ဘေးက လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ၊ သူတစ်ပါးစိတ် သိတာတွေ ဒီဟာတွေကို ငဲ့ကွက်ပြီး၊ ကြောက်ရှက်ပြီး သကာလ ဒကာကြွယ် အားထုတ်တာပါပဲ. . . (မှန်ပါ)။

ဒါဖြင့် သူတစ်ပါးကို အကြီးအကဲထား၍ တရား အားထုတ်လို့ရှိရင်လည်း ဒီဘဝမဂ်ဉာဏ် ဖိုလ်ဉာဏ်ရပြီး ဒုက္ခခပ်သိမ်း ငြိမ်းနိုင်တယ်လို့ ဘုရားကဟောပြန်တယ် . . . (မှန်ပါ)။ ဘယ်နှစ်ချက် ရှိသွားပြီလဲ. . . (နှစ်ချက်ရှိသွားပါပြီ)။

## ရန်သူကို ချေမှုန်းပစ်နေတာ

မှတ်ကြပါ မှတ်ကြပါ ဒကာ ဒကာမတို့။ ဒီဟာ အားထုတ်တိုင်းဝင်တဲ့ ရန်သူကို ချေမှုန်းပစ်နေတာလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါဘုရား)။ ဒကာကြွယ် အရေးမကြီးဘူးလား . . . (ကြီးပါတယ်ဘုရား)။

ဒီပြင်အချိန်မှာတော့ တောထနေလို့လာမှန်း မသိပါဘူး။ အခုတော့ တောရှင်းတုန်း ပေါက်လာတာဖြစ်လေသောကြောင့် သာပြီးအရုပ်ဆိုးတယ်ဆိုတဲ့ အဓိပ္ပါယ်ပြောရပါတယ်. . . (မှန်ပါ)။

၃-နံ့ပါတ်က မြတ်စွာဘုရားတရားတော်ကို အဓိပတိ အကြီးအကဲထားပြီး ကြိုးစားပါတဲ့. . . (မှန်လှပါ) ရှင်းကြ ပြီလား. . . (ရှင်းပါပြီဘုရား)။

## တရားတော်ကို အဓိပတိထားပါ

၃-နံ့ပါတ်က ဘာတဲ့. . . (မြတ်စွာဘုရားတရားတော်ကို အဓိပတိထားပြီး ကြိုးစားရပါမယ်ဘုရား)။

အဲဒီတော့ကို တရားအားထုတ်ပါ။ တရားအားထုတ် တော့ကို ကိုယ့်ကိုယ်ကို ရှေးဦးစွာ မာနကလေးထားလိုက်တော့ မင်း သည် စားစရာ၊ ဝတ်စရာ၊ နေစရာ၊ ထိုင်စရာ ဟိုဘဝ ဒီဘဝ ရချင်ရောက်ချင်လို့ မင်းတရားအားထုတ်တာ မဟုတ်ဘူး။ မြတ်စွာဘုရားဟောတော်မူတဲ့ သွာက္ခာတော ဘဂဝါတာမွောဆို တော့၊ မြတ်စွာဘုရားဟောတော်မူတာက ကောင်းစွာ ဟော တော်မူတဲ့တရား။ သန္ဒိဋ္ဌိကောဆိုတာ ကိုယ်တိုင်မြင်တဲ့ တရား။ အကာလိကောဆိုတာက အခုမဂ်ရရင် အခုဖိုလ်ရတယ် လို့ ပြောတာ. . . (မှန်ပါ)။ အခုဝိပဿနာမဂ်ဝင်လာရင် အခု ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်လို့ ပြောတာ. . . (မှန်ပါ)။ သဘောကျ ပြီလား. . . (ကျပါပြီ)၊

## ပျင်းရိနေရင်ဘယ်မှာရမှာတုံး

အဲဒီတော့ကို မြတ်စွာဘုရားက ကောင်းစွာ ဟောတော်မူတဲ့တရား ကိုယ်တိုင်မြင်ရမယ်လို့ ဟောတယ်. . . (မှန်ပါ)။ မင်းက ဒီလိုပျင်းရိပြီးသကာလနေလို့ရှိရင် ဘယ်မှာရမတုံး။ ကောင်းစွာ ဟောတော်မူတဲ့တရားကို ပျက်တာပါပဲ(မှန်ပါ)။ ကိုယ့်ကိုယ်ကို ဆုံးမပါ. . . (မှန်ပါ)။

ကောင်းစွာဟောတဲ့ တရားဟာလည်း မင်းသည် တရားအားထုတ်ရင်း တောင်စိတ် မြောက်စိတ်တွေဝင်လာလို့ ရှိရင် မင်းအတွက်မှာတော့ ကောင်းစွာ ဟောတော်မူတဲ့ တရားဟာလည်း အချည်းနှီးဖြစ်နေတာပဲ. . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါပြီ)။

## မင်းအပြစ်ဟာတယ်ကြီးပါလား

ကိုယ်တိုင်မြင်ရမယ်လို့ ဟောတာလည်း မင်းမမြင်ဘူးဆိုတော့၊ မင်းကျမှပဲ ဘုရားဟောတော်မူတဲ့ တရားသည်ကားလို့ဆိုရင် အချည်းနှီးဖြစ်နေတော့၊ ဘုရားသည် နှစ်ခွန်းသော စကားကို မသုံး။ တစ်ခွန်းတည်းနဲ့ အမှန်သုံးတဲ့ ကိုယ်တော့် တရားတောင် မင်းကျတော့ အချည်းနှီးဖြစ်ရတယ်ဆိုတော့ မင်းအပြစ်ဟာ တယ်ကြီးပါလား။ တရားကို အဓိပတိထားရမယ်. . . (မှန်ပါ)။

တရားက ဒီလိုရှိပါလျက်သားနဲ့ မင်းမှာမရဘူးဆိုတဲ့ ဥစ္စာ မင်းဖျင်းလို့၊ မင်းပျင်းလို့၊ မင်းနေရာမကျလို့ဖြစ်တာ (မှန်ပါ)။ စွဲချက်တင်ရမနော်. . . (တင်ရပါမယ်ဘုရား)။ ဘယ်သူ့စွဲချက် တင်ရမှာပါလိမ့် . . . (ကိုယ့်ကိုယ်ကိုတင်ရမှာပါ)။

## တရားကအမှန်ခေါ်တတ်တဲ့တရား

အဲဒါ ဒကာ ဒကာမတွေက ပြောလိမ့်မယ်။ တပည့်တော်တို့ အားထုတ်နေတာဘုရား. . . ဖြစ်ပျက်ကလေးတွေ တောင်မတွေ့သေးပါဘူးဆိုလို့ရှိရင်ဖြင့်၊ ဘုရားဟောတော်မူတဲ့ တရားက ကောင်းစွာ ဟောတော်မူတဲ့တရား။ မြင်ရမယ်လို့ ဟောတာ. . . (မှန်ပါ)။ သန္ဒိဋ္ဌိကောဆိုတာ ကိုယ်တိုင်မြင်ရ မယ်မဟုတ်လားဗျာ . . . (မှန်လှပါ)။ အကာလိကာ အခါ မလင့် အကျိုးပေးရမယ်။ ချက်ချင်းမဂ်ပေါ်ပြီး ချက်ချင်း နိဗ္ဗာန် ရရမယ်. . . (မှန်ပါ)။ ဧဟိပဿိကော တရားက ခဏခဏ ခေါ်ရတယ်။ သူ့ရှုပါ သူ့ရှုပါလို့ မခေါ်ဘူးလား . . . (ခေါ် ပါတယ်ဘုရား)။

အဲဒီတော့ တရားက အမှန်ခေါ်တတ်တဲ့ တရား။ မင်းမှာ မမြင်ဘူးဆိုလို့ရှိရင် မင်းဖြင့် ခေါ်ဖေါ်မရဘူးဆိုတော့ မင်းအပြစ် ပဲ. . . (မှန်လှပါ)။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်၏အပြစ်ပဲလို့ ဆုံးဖြတ်ချက်ချလိုက်စမ်းပါ. . . (မှန်လှပါဘုရား)။ ရှင်းပြီလား (ရှင်းပါပြီ)။

တစ်နည်းအားဖြင့်လည်း မင်းသည်ကားလို့ ဆိုရင် သူတစ်ပါးမှာ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာတည် ကြသတဲ့၊ သွာက္ခာတော ဘဂဝတာဓမ္မောနဲ့ပဲ၊ သန္ဒိဋ္ဌိကော အကာလိကောနဲ့ပဲ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာတွေ မဖြစ်ကြဘူးလား . . . (ဖြစ်ကြပါတယ်)။

## မင်းဖျင်းလို့ မင်းပျင်းလို့ သောတာပန်မဖြစ်တာ

သူများဖြစ်ကြပါလျက်သားနဲ့ မင်းကျမှကွာ ဘုရားဟော တော်မူတဲ့ တရားဟာ မဖြစ်ရဘူးဆိုတာ မင်းပျင်းလို့ မင်းဖျင်းလို့ မဖြစ်တာ (မှန်လှပါ)။ ဒကာကြွယ် ဘယ်သူ့ကို စွဲချက်တင်ရမှာ တုံး . . . (ကိုယ့်ကိုယ်ကို စွဲချက်တင်ရမှာပါဘုရား)။ တင်တတ်ကြ ပြီလား. . . (တင်တတ်ပါပြီဘုရား)။

ကိုယ့်ကိုယ်ကို စွဲချက်တင်လိုက်စမ်းပါ။ သူတစ်ပါး ရကြပြီ။ တစ်မဂ် တစ်ဖိုလ်တွေ ရကြ၊ နှစ်မဂ် နှစ်ဖိုလ်တွေရကြ။ ၁း ပါး ဖိုလ်လေးပါးရကြနဲ့ မင်းမှာတော့ မရဘူးလို့ဆိုနေလို့ ဖြင့်၊ ဘုရားက ဟောတော်မူတဲ့တရားက ကောင်းစွာ ၁တော်မူတဲ့တရား၊ ရရမယ်လို့ ပြောထားတဲ့တရား။ မင်းနဲ့ တန်းတူတွေ အကုန်ရပါလျက်သားနဲ့ မင်းမရတာကတော့ဖြင့်၊ မင်းကိုက ဘုရားတရားကို သပိတ်မှောက်ထားပြီး သကာလ၊ မင်းကထော်လော်ကန့်လန့် လုပ်နေတဲ့အတွက် မရတာ၊ မင်းအပြစ်ပဲလို့ စွဲချက်တင်လိုက်. . . (မှန်လှပါဘုရား)။

## မင်းဝီရိယညွှံ့လို့မရတာ

စွဲချက်တင်လိုက်တော့မှ ကောင်းစွာ ဟောတော်မူတဲ့ တရား၊ ကိုယ်တိုင်မြင်ရမည့်တရား၊ အခါမလင့် အကျိုးပေးရမည့် တရား၊ လာပါရှုပါလို့ခေါ်တဲ့တရား၊ ဤတရားတွေသည် မှန်ပါ လျက်သားနဲ့ မင်းမရတာသည်ကားလို့ဆိုရင်၊ မင်းဝီရိယညွှံ့လို့ ဆိုပြီးသကာလ တရားတော်ကို အဓိပတိထားပြီး၊ တရားက ရရမယ်ဆိုလျက်သားနဲ့ မင်းမရတာ မင်းဝီရိယညွှံ့လို့ပဲဆိုပြီး ဝီရိယ တိုးချဲ့ပြီးသကာလ ဦးလှဖူးတို့၊ ဒကာသိုက်တို့၊ ဒကာကြွယ်တို့က ကြိုးစားလိုက်ပါ. . . (မှန်လှပါ)။ ဒီလိုဆိုရင် ဇာတိ ဇရာ မရဏ ဆိုတဲ့ အိုဘေး နာဘေး သေဘေးတွေဟာ အကုန်လွန်မြောက် ပြီး သကာလ တစ်မဂ် တစ်ဖိုလ်ဆိုက်ရမယ်လို့ အင်္ဂုတ္တိုရ်ပါဠိတော် မှာ ဟောတယ်. . . (မှန်ပါ)။

ဒါဖြင့် ကိုယ့်ကိုယ်ကို အဓိပတိထားသဖြင့်လည်းကောင်း မဂ်ဖိုလ်ရမယ်. . . (မှန်ပါ)။ သူတစ်ပါးကို ရှက်ကြောက်သဖြင့် လည်းကောင်း. . . (မဂ်ဖိုလ်ရပါမယ်)။ မြတ်စွာဘုရား တရားတော်သည် ကောင်းကျိုးကိုပေးနိုင်ကဲ့တရား ဖြစ်သောကြောင့် ဤတရားကို ယုံကြည်သဖြင့် အားထုတ်လို့ ရှိရင် . . . (မဂ်ဖိုလ်ရနိုင်ပါတယ်)။ မဂ်ဖိုလ်ရနိုင်တယ်ဆိုတာ ပေါ်ပြီလား . . . (ပေါ်ပါပြီ)။

ဒါကြောင့် အကြီးအမှူးထားရမှာက အဓိပတိ ဘယ်နှမျိုး တုံး . . (သုံးမျိုးပါဘုရား)။

အဲဒီသုံးမျိုးနဲ့ ကြိုးစားလို့ရှိရင် ဘုန်းကြီးတို့ ဒကာ ဒကာမ ခတွေ ဒီဘဝ မဂ်ဆိုက် ဖိုလ်ဆိုက် ဒုက္ခခပ်သိမ်းငြိမ်းပါလိမ့်မယ် (မှန်လှပါဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီ)။'

## ပဋိစ္စသမုပ္ပါဒ်စကြစ်္ဘိ

ကိုင်း-ဒါဖြင့် ထုံးစံအတိုင်း ပဋိစ္စသမုပ္ပါဒ်စကြစ်ဘိ . . . (မှန်ပါ့)။ ပဋိစ္စသမုပ္ပါဒ်စတော့.ဒကာကြွယ်အားထုတ်မှုအစခိုင်းတာနော် . . . (မှန်ပါ)။

ကိုင်း-ဒကာ ဒကာမတို့ ဒီဖက်နှစ်လုံးချလိုက်. . . အဆုံးက ချလိုက်နော်. . . (မှန်ပါ)။ အဆုံးကချလိုက်တော့ တရားနာတာလေးရက်လောက်ရှိလာတော့ ဒီဘက်က ဘာပါလိမ့်. . . (ဇရာ မရဏပါဘုရား)။ အိုတာနဲ့ သေတာပေါ့ဗျာ. . . (မှန်ပါ)။ သူဟာ ဘာသစ္စာပါလိမ့် . . . (ဒုက္ခသစ္စာပါ)။

## အိုတာနဲ့သေတာသည်ဒုက္ခသစ္စာ

အိုတာနဲ့ သေတာသည် ဒုက္ခသစ္စာဆိုတော့ ခန္ဓာကိုယ်ထဲမှာ ဒီအိုမှု သေမှုလုပ်နေတဲ့ တေဇောရှိကြ - မရှိကြ (ရှိပါတယ်ဘုရား)။ ဒါဖြင့် လက်ရှိခန္ဓာကိုယ်ကြီး ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ)။

ခန္ဓာကိုယ်ကြီး စမ်းကြည့်ပါဦး - ပူသေးတယ်မဟုတ်လား . . . (မှန်ပါ)။ ပူရင် လောင်နေသေးလို့ပဲ . . . (မှန်ပါ)။ ထင်းကုန် လို့ရှိရင် သူရှိပါဦးမလား . . . (မရှိပါဘူး)။ မရှိရင်ဖြင့် ထင်းကုန် လို့ရှိရင်ဖြင့် လောင်စာကုန်လို့ သူမရှိတော့ဘူး. . . (မှန်ပါ)။ အဲဒီကျလာတော့ သေပြီလို့ မသမုတ်ကြဘူးလား. . . (သမုတ်ပါတယ်)။ အဲ - လူသေကျတော့ ဒကာကြွယ် အေးသွားတယ် (မှန်ပါ)။ တေဇောက ကုန်လို့ပေါ့ဗျာ . . . (မှန်ပါ)။

## ခန္ဓာကိုယ်သည် ဇရာ မရဏာ

ကောင်းပြီ ဒကာ ဒကာမတို့ တရားနာနေတဲ့ ခန္ဓာကိုယ်ဟာ ဇရာ မရဏာမှ ဟုတ်ပါရဲ့လား . . . (ဟုတ်ပါတယ်)။ ဒါဖြင့် ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ)။ သူများလား မိမိခန္ဓာလား (မိမိခန္ဓာပါဘုရား)။

ကောင်းပြီ-ဒါဖြင့် ဒုက္ခကဆင်းရဲတာ၊ သစ္စာက (အမှန်ပါဘုရား)။

ဒါဖြင့် အခုတရားနာနေတဲ့ ရုပ်နာမ်တွေသည် သေသေချာချာစဉ်းစားတော့ အိုမှု သေမှုတွေ ရှိနေတဲ့ ခန္ဓာကြီးဖြစ်လေသောကြောင့် ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ)။

## ဉာဏ်ကမဂ္ဂသစ္စာ

ဒါဖြင့် ခန္ဓာက ဒုက္ခသစ္စာ. . . (မှန်ပါ)။ အခုပြောတဲ့ ခန္ဓာထဲ ကြည့်ပြောတဲ့ ဉာဏ်က . . . (မဂ္ဂသစ္စာပါ)။ ဒကာကြွယ် သစ္စာဘယ်နှစ်ပါးရသတုံး . . . (နှစ်ပါးရပါတယ်)။

တရားနာနေတဲ့ခန္ဓာကြီးက ဘာတဲ့ . . . (ဒုက္ခသစ္စာပါ)။ ကိုယ့်ဟာကိုယ် ပြန်ကြည့်တဲ့ဉာဏ်က . . . (မဂ္ဂသစ္စာပါဘုရား) သဘောကျပြီလား . . . (ကျပါပြီ)။

ကောင်းပြီ ဒကာ ဒကာမတွေ တရားနာစရှိသေးတယ်၊ သစ္စာဘယ်နှစ်ပါးနားလည်ပြီလဲ . . . (နှစ်ပါးပါ)။

ဒီသစ္စာနှစ်ပါးကို ဦးလှဖူးတို့ ဒကာသိုက်တို့ ဒကာကြွယ်တို့ သြော်. . . ဘဝသံသရာက ဒီသစ္စာနှစ်ပါးသာရခဲ့မယ်ဆိုလို့ရှိရင်ဖြင့် အိုမှုကိုလည်း အိုရာအိုကြောင်း အလုပ်တွေလုပ်ပါဦးမလား (မလုပ်ပါဘူး)။ သေရာသေကြောင်း အလုပ်တွေ . . . (မလုပ်ပါဘူး)။ အခုတော့ အိုမှု သေမှုနဲ့ ကိုယ်ပိုင်နေရသည်ဖြစ်လေသောကြောင့် လုပ်ခဲ့လို့နေရတာ . . . (မှန်ပါ)။ ဒါဖြင့် ဒီလိုကို သစ္စာမသိခဲ့ဘူး . . . (မသိခဲ့ပါဘုရား)၊ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ယခုလက်ရှိ ခန္ဓာကြီးထဲ အိုမှုဆိုတဲ့ တေဇော၊ သေမှု ဆိုတဲ့ တေဇောရှိပါရဲ့လား . . . (ရှိပါတယ်ဘုရား)။ နို့ အိုကော အိုရဲ့လား . . . (အိုပါတယ်)။ သေကော သေချာရဲ့

လား (သေချာပါတယ်)။ ဒါကြောင့် လက်ရှိတရားနာနေတဲ့ ခန္ဓာကြီး ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ)။

## ခန္ဓာကဒုက္ခသစ္စာ

ခန္ဓာက ဒုက္ခသစ္စာ။ ဆရာဘုန်းကြီးက ရှေ့က လမ်းပြလို့ ဒကာ ဒကာမတွေက ဉာဏ်နဲ့ ခန္ဓာကိုယ်ထဲကြည့်လိုက်တော့ ဒီဉာဏ်ကလေးက ဘာပါလိမ့် (မဂ္ဂသစ္စာပါ)။

ဒကာကြွယ် ရှေးကမရဖူးဘူး . . . (မရဖူးပါဘူး)။ ဒကာ သိုက် (မရပါဘူး)။ နောက်က ဒကာ ဒကာမတွေ. . . (မရခဲ့ပါ ဘူး)။ ရှေးက ရခဲ့မယ်ဆိုလို့ရှိရင်ဖြင့် အိုကြောင်း အလုပ်ကို လုပ် ဖြစ်ပါဦးတော့မလား . . . (မလုပ်ဖြစ်ပါဘူး)။ သေကြောင်း အလုပ်ကော . . . (မလုပ်ဖြစ်ပါဘူး)။ အအိုအသေတော့ ဘယ်သူမှ ရှာမယ်မဟုတ်ဘူး. . . (မရှာပါဘူး)။ ဩော် ဒါဖြင့် ရှေးက မသိခဲ့လို့ပေါ့ဗျာ . . . (မှန်ပါ)။ အခုတော့ ဘယ့်နှယ်နေ သလဲ. . . (သိပါပြီဘုရား)။ သိတာက ဘာသစ္စာတုံး. . . (မဂ္ဂ သစ္စာပါ)။ အိုရာနာရာကြီးက (ဒုက္ခသစ္စာပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီ)။ ဒါဖြင့် သစ္စာဘယ်နှစ်ပါးသိသတုံး (နှစ်ပါးသိပါတယ်)။

သေပျော်ပါပြီ။ အင်မတန် အဖိုးတန်သွားပြီ. . . (မှန်ပါ)။ ဒကာ ဒကာမတို့ အင်မတန်အဖိုးတန်သွားပြီ သစ္စာနှစ်ပါး ကိုယ်ပိုင်ရပြီ . . . (မှန်ပါ)။

## အိုသေဟာဘယ်ကလာသတုံး

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတွေ စဉ်းစားပါဦး။ အိုသေဟာ ဘယ်ကလာသတုံးတဲ့ ဒကာ ဒကာမတွေ ... (ဇာတိက လာပါတယ်ဘုရား)။

ဒါဖြင့် ဇာတိကလာတယ်ဆိုတော့ ဇရာ မရဏဖြစ်တယ် (မှန်ပါ)။ ဒါဖြင့် ဇာတိက သမုဒယသစ္စာ. . . (မှန်ပါ)။ ဇရာ မရဏက . . . (ဒုက္ခသစ္စာပါ)။

## ဇာတိကသမုဒယသစ္စာ

အရင်တုန်းကတော့ ဒုက္ခသစ္စာတစ်ပါးတည်းသိခဲ့တယ်။ အခုတော့ ဇာတိက ဘာတဲ့ . . . (သမုဒယသစ္စာ)။ ဒကာသိုက်တို့၊ ဒကာကြွယ်တို့၊ ဦးလှဖူးတို့ သမုဒယသစ္စာလည်းသိသွားပြီ (မှန်ပါ)။ ခုနင်က နှစ်ပါးနဲ့ ပေါင်းတော့ တစ်ပါးတိုးမလာဘူးလား (တိုးလာပါတယ်)။

## ဇာတိရှိလို့ဇရာ မရဏဖြစ်ရတယ်

ဒါဖြင့် သစ္စာဘယ်နှစ်ပါးသိရသလဲ . . . (သုံးပါးသိရပါတယ်)။ ဒကာကြွယ် မှန်လိုက်တာဗျာ . . . (မှန်ပါဘုရား)။ နောက်က ဒကာ ဒကာမတွေ (ဇာတိက လာပါတယ်ဘုရား)။

ဒါဖြင့် ဇာတိကလာတယ်ဆိုတော့ ဇရာ မရဏဖြစ်တယ် (မှန်ပါ)။ ဒါဖြင့် ဇာတိက သမုဒယသစ္စာ. . . (မှန်ပါ)။ ဇရာ မရဏ . . . (ဒုက္ခသစ္စာပါ)။

ဒါဖြင့် ဒကာ ဒကာမတို့ ဇာတိရှိလို့ ဇရာ မရဏဖြစ်ရတယ် . . . (မှန်ပါ)။ ဇာတိကြောင့် . . . (ဇရာ မဏဖြစ်ရပါတယ်)။ ဒါဖြင့် "ကြောင့်" ပါတာက သမုဒယသစ္စာ။ "ဖြစ်"ရတာက . . . (ဒုက္ခသစ္စာပါ)။ ဇာတိကြောင့် ဆိုသောကြောင့် ဇာတိက . . . (သမုဒယသစ္စာပါ)။ ဖြစ်ရတဲ့ ဇရာ မရဏက . . . (ဒုက္ခသစ္စာပါ)။

## သိလုံးကလေးကမဂ္ဂသစ္စာ

ဒကာ ဒကာမတို့ ဇရာ မရဏကိုလည်း ဒုက္ခသစ္စာလို့ သိတယ်၊ ဇာတိကိုလည်း . . . (သမုဒယသစ္စာလို့ သိရပါတယ်)။ သိလုံးကလေးက . . . (မဂ္ဂသစ္စာပါ)။

ဟာ-ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တရားနာစရှိပါသေးတယ်၊ သစ္စာဘယ်နှပါး ကိုယ်ပိုင်ရပြီလဲ. . . (သုံးပါးရပါပြီ)။ သုံးပါးကိုယ်ပိုင်ရတယ်နော်၊ ရှင်းကြပြီလား . . . (ရှင်းပါပြီ)။

ကောင်းပြီ ဒါပဋိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းဒါမက်လာတဲ့ နည်းအတိုင်း ဟောနေတယ်လို့ ဒကာကြွယ်တို့က မှတ်ရမယ် . . . (မှန်ပါ)။

## ဖြစ်ကြောင်းဟူသ၍သမုဒယသစ္စာ

ရှေးတုန်းက မှတ်ထားတာကတော့ လောဘကိုသာ သမုဒယ သစ္စာလို့ မှတ်ကြတယ်. . . (မှန်ပါ)။ ဒီပါဠိတော်နည်းနဲ့ ဆိုတော့ ဖြစ်ကြောင်းဟူသရွေ့ သမုဒယသစ္စာချည်းမှတ် . . . (မှန်ပါ)။ ဇာတိကြောင့် ဘာဖြစ်သလဲ (ဇရာ မရဏဖြစ်ပါတယ်) ဇရာ မရဏက. . . (ဒုက္ခသစ္စာပါ)။

ဒကာ ဒကာမတွေ၊ ယခုတရားနာတာ တယ်မကြာသေးဘူး။ သစ္စာဘယ်နှပါးသိရတုံး. . . (သုံးပါးသိရပါတယ်)။

သစ္စာသုံးပါးသိရတော့ ဒကာကြွယ်တို့ရော ဇာတိများ လိုချင်သေးသလား. . . (မလိုချင်ပါဘူး)။ ဇရာ မရဏကော . . . (မလိုချင်ပါဘူး)။

## နိရောဓသစ္စာ

သူတို့မရှိရင်ကောင်းမှာပဲ။ သူတို့နှစ်ခုများ ချုပ်သွားလို့ ရှိရင်ဖြင့် ဒုက္ခချုပ်မှာပဲ။ သူတို့နှစ်ခုချုပ်လို့ရှိရင်ဖြင့် သံသရာ စခန်း လက်စသတ်မှာပဲလို့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်)။ အဲဒီလို မှန်းနိုင်တာကြီးက နိရောဓသစ္စာ. . . (မှန်ပါ)။ သဘော ကျပြီလား . . . (ကျပါပြီ)။

သူတို့နှစ်ခုချုပ်သွားတဲ့ သဘောကလေးကို သိတာသည် ကားလို့ဆိုရင် မဂ်နဲ့တော့သိတာပဲ။ သူတို့နှစ်ခုချုပ်သွားရင် နေရာ

ကျုံမှာပဲလို့ ဒကာ ဒကာမတွေ စိတ်ကူးမပေါ်ဘူးလား. . . (ပေါ်ပါတယ်)။ သူတို့နှစ်ခုချုပ်သွားတာကို ဘာဆိုကြမလဲ. . . (နိရောဓသစ္စာပါ)။ ကောင်းမှာပဲလို့ သိတဲ့ဉာဏ်က. . . (မဂ္ဂသစ္စာပါ) ဟောသစ္စာလေးပါးသိပြီ. . . (မှန်ပါ)။ ပေါ်ပြီလား . . . (ပေါ်ပါပြီ)။

ဇာတိနဲ့ ဇရာ မရဏချုပ်လို့ရှိရင် တို့ဒုက္ခသိမ်းမှာပဲလို့ ဒကာ ဒကာမတွေ ဉာဏ်ထဲမဝင်စားဘူးလား. . . (ဝင်စားပါတယ် ဘုရား)။ ချုပ်ရင် ချုပ်ရာသည် ချမ်းသာတဲ့နေရာပဲလို့ မမှတ်နိုင်ဘူးလား. . . (မှတ်နိုင်ပါတယ်)။ ချမ်းသာတဲ့နေရာက ဘာသစ္စာ. . . (နိရောဓသစ္စာပါ)။ ချမ်းသာတဲ့နေရာရောက်မှ အေးမှာပဲလို့ သိလုံးကလေးက. . . (မဂ္ဂသစ္စာပါ)။ ဟော ဒကာသိုက်ရေ သစ္စာဘယ်နှပါးရသလဲ. . . (လေးပါးရပါတယ်) ရှင်းပြီလား. . . (ရှင်းပါပြီ)။

## ဘယ်သူ့ကြောင့်ဘုရားဖြစ်တာတုံး

အဲဒီလိုသိလို့ရှိရင်ဖြင့်တဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး တစ်နေ့က ပြောခဲ့တယ်၊ ဘုရားဘာ့ကြောင့် ဘုရားဖြစ်ပါလိမ့်မလဲလို့ မေးတော့ ဒကာ ဒကာမတွေက အဖြေထွက်တတ်ပြီလား . . . (ထွက်တတ်ပါပြီ)။ ဘယ့်သူကြောင့် ဘုရားဖြစ်သတုံး. . . ဝေဒနာနဲ့ တဏှာကြားမှာ ဘုရားဖြစ်ပါတယ်)။ အဲဒါက

ဘုရားဖြစ်တဲ့ နေရာကိုပြောတာ။

ဒါဖြင့် ဘုရားအဖြစ်ကို ကြိုးစားခြင်း၏ အကြောင်း ဘယ်သူပါလိမ့် (ဇရာ မရဏပါဘုရား)။ ဒကာကြွယ် ရှင်းပြီလား. . . (ရှင်းပါပြီ)။

အားလုံး ဒကာ ဒကာမတွေ မရှင်းသေးဘူးလား. . . (ရှင်းပါပြီ)။ ဘယ်လိုများ ရှင်းပါလိမ့် . . . (ဇရာမရဏကြောင့် ဘုရားဖြစ်တာပါ)။

## ဇရာမရဏကြောင့် ဘုရားဖြစ်တယ်

ဇရာ မရဏအကြောင်းရင်းခံပြီး ဘုရားဖြစ်လာတယ်။ ပါရမီဆယ်ပါး အပြားသုံးဆယ်ကြောင့် ဘုရားဖြစ်တာသည် နောက်မှာပါ။ သူ့ကိုယ်သူတွေးလိုက်တဲ့အခါမှာ ကိစ္စာ ဝတာယံ လောကော အာပန္နော ဇာယတိစ ဇီယတိစ၊ လောကကြီးထဲမှာ ကြည့်ရတာ ပင်ပန်းလိုက်တာ။ အိုလိုက် သေလိုက်။ အိုလိုက် သေလိုက်နဲ့ ဒါတွေ ဘယ်တော့မှ ကျွတ်နိုင်ပါ့မတုံး ဆိုတော့၊ ဩော်-မဂ်ဉာဏ်ဖိုလ်ဉာဏ်ရမှ ကျွတ်မှာပဲ။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရအောင်လုပ်ချင်တဲ့ ဘုရားဖြစ်ချင်တဲ့ စိတ်က နောက်မှ ပေါ်လာတာ . . . (မှန်လှပါ)။ သဘောကျပြီလား . . . (ကျပါပြီ)။

ဘုရားဖြစ်ချင်တဲ့ စိတ်က အရင်ပေါ်သလား နောက်မှ ပေါ်သလား (နောက်မှပေါ်ပါတယ်)။ ဘာမြင်လို့ ပေါ်ပါလိမ့် (ဇရာ မရဏမြင်လို့ပေါ်တာပါ)။ အဲဒါက သံယုတ်ပါဠိတော်မှာ သူကိုယ်တိုင်ဟောတာ. . . (မှန်ပါ)။ ဒကာကြွယ်ရေပေါ်ပြီလား . . . (ပေါ်ပါပြီ)။

အဲဒီတော့ ဒကာ ဒကာမတွေလည်း အခုဘုန်းကြီးက ဟောလိုက်တယ်။ ဇရာ မရဏ ဘာသစ္စာတဲ့. . . (ဒုက္ခသစ္စာပါ)။ ဇာတိက. . . (သမုဒယသစ္စာပါ)။ ဒီသစ္စာနှစ်ပါးမချုပ်သရွေ့ ကာလပတ်လုံး ခင်ဗျားတို့ ဘယ်အခါကာလမှ ဆင်းရဲနဲ့ ခွဲခွာရ လိမ့်မယ်လို့ ယထင်နဲ့. . . (မှန်ပါ)။

## ဇာတိဘာ့ကြောင့်ဖြစ်သတုံး

ဒီဇာတိဟာလည်း ဘာ့ကြောင့်ဖြစ်သတုံး. . . (ကမ္မဘဝ ကြောင့်ပါ)။ ကမ္မဘဝဆိုတာ ကာယကံ ဝစီကံ မနောကံ. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီ)။

ကမ္မဘဝဆိုတာ ဘာတဲ့. . . (ကာယကံ ဝစီကံ မနောကံပါဘုရား)။ ဩော်. . . ခင်ဗျားတို့ ကံတွေကြောင့် ဒုက္ခရောက်နေ တာကိုး. . . (မှန်ပါ)။

ဒါဖြင့် ကမ္မဘဝကြောင့်ဆိုတော့ ဘဝပစ္စယာ. . . (ဇာတိပါ)။ ဒီလိုဆိုတော့ ဘဝက သမုဒယသစ္စာ။ ဇာတိက. . .

(ဒုက္ခသစ္စာပါ)။ ပေါ်ပြီလား. . . (ပေါ်ပါပြီ)။ နောက်ကြောင်း ပြန်တွေးတော့မှ ရှေ့ပိုင်းကဟာတွေ အကုန် ဒုက္ခဖြစ်လာတယ် ဒကာကြွယ်ရေ. . . (မှန်ပါ)။ အင်မတန် အဖိုးတန်လာပြီနော် . . . (မှန်ပါ)။

သတိထားပါ၊ သတိထားပါ။ ကမ္မဘဝက ဘာသစ္စာ (သမုဒယသစ္စာပါ)။ ဇာတိက. . . (ဒုက္ခသစ္စာပါ)။ အဲဒါကြောင့် ဘုရားက ဇာတိပိဒုက္ခာဆိုတာ သူ့ကို ထောက်ဟောတာ. . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါပြီ)။

ဇာတိပိဒုက္ခာဆိုတာ ဘယ်သူ့ထောက်ဟောတာပါလိမ့် . . . (သမုဒယထောက်ဟောတာပါ)။ ကမ္မဘဝဆိုတဲ့ တရားကို ထောက်ပြီး ဟောတာ. . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါပြီ)။ ကမ္မဘဝကြောင့် ဇာတိဖြစ်တာ. . . (မှန်ပါ)။ ကမ္မဘဝက ဘာသစ္စာ. . . (သမုဒယသစ္စာပါ)။ ဇာတိက. . (ဒုက္ခသစ္စာပါ)။

ဒါဖြင့် ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ ဒုက္ခအစုကြီးဆိုတာ ပေါ်လာတယ်. . . (မှန်ပါ)။ မပေါ်သေးဘူး လား. . . (ပေါ်ပါတယ်)။

ဒါဖြင့် ကာယကံ ဝစီကံ မနောကံတွေ ဒကာ ဒကာမတွေ ဘုံဘဝတောင့်တလုပ်တဲ့ ကာယကံ ဝစီကံ မနောကံ အပါယ် ရောက်ကြောင်းဖြစ်တဲ့ ကာယကံ ဝစီကံ မနောကံဆိုတဲ့ ကံသုံးပါး ကြောင့် ကမ္မဘဝပစ္စယာ. . . (ဇာတိပါဘုရား)။ သဘောကျပြီ လား. . . (ကျပါပြီ)။

## ဘဝမှဘဝဘယ်ကလာပါလိမ့်

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ လက်သည်ရှာကြဦးစို့ ဒါတော်တော်ကျေပြီနော်. . . (မှန်ပါ)။ ကမ္ဘာဝဘယ်ကလာပါလိမ့်မလဲလို့ မေးခွန်းထုတ်ဖို့ မလိုဘူးလား (လိုပါတယ်)။ ကမ္ဘာဝ ဘယ်ကလာသတဲ့တုံး . . . (ဥပါဒါန်ကလာပါတယ်)။

ဒါဖြင့် ဒကာကြွယ်တို့ ရွတ်ပါ ဥပါဒါနပစ္စယာ. . . (ဘဝေါပါဘုရား)။ ဘဝေါဆိုတဲ့ ကမ္ဘာဝေါမဖြစ်ဘူးလား . . . (ဖြစ်ပါတယ်)။ ကဲ. . . ဖော်ဆိုလိုက် ဥပါဒါနပစ္စယာ. . . (ကမ္ဘာဝေါပါဘုရား)။ သဘောကျပြီလား. . . (ကျပါပြီ)။ ဥပါဒါန်ကြောင့် ကံဖြစ်တာကိုး။ ရှင်းပြီလား. . . (ရှင်းပါပြီ)။

ခင်ဗျားတို့ ရွတ်နေတာတွေက သဘောကိုမသိပါဘူး . . . (မှန်ပါ)။ အခုတော့သိပြီလား. . . (သိပါပြီ)။ နောက်ဘဝစွဲလမ်းလို့ ကံတွေအားထုတ်တယ်. . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါပြီ)။ ကံတွေအားထုတ်လို့ နောက်ဘဝဇာတိမရဘူးလား. . . (ရပါတယ်)။ ရလို့အိုသေနဲ့ မကြုံရဘူးလား . . . (ကြုံရပါတယ်)။ ရှင်းပြီလား. . . (ရှင်းပါပြီ)။

## နောက်ဘဝဆုတောင်းတာအိုသေလိုချင်လို့

နောက်ဘဝဆုတောင်းတဲ့ ပုဂ္ဂိုလ်များ ဒုက္ခသစ္စာနှစ်ခုလိုချင်လို့. . . (မှန်ပါ)။ ဇရာ မရဏကလဲ ဘာသစ္စာတုံး. . .

(ဒုက္ခသစ္စာပါ)။ ဇာတိကလည်း ဒီကမ္ဘာဝနဲ့ ထောက်လိုက်တော့ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။ ဒီကံကလည်း ဒကာ ဒကာမတွေ ဥပါဒါန်နဲ့ ထောက်လိုက်တော့ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ)။ နောက်ပြန်တွေးရင် ရှေ့ပိုင်းက ဒုက္ခသစ္စာချည်း ပဲ. . . (မှန်ပါ)။ ဒကာသိုက် ပေါ်ပြီလား. . . (ပေါ်ပါပြီ)။ ဒကာကြွယ်တို့ ပေါ်ပြီလား. . . (ပေါ်ပါပြီ)။အိမ်ကျတော့ ဒီဥစ္စာ ကိုချကြည့်နော်. . . (မှန်ပါ)။

အိမ်ကျတော့ အကြင်လင်မယားဖြစ်ဖြစ် ညီအစ်ကို မောင်နှမဖြစ်ဖြစ် မိတ်ဆွေသင်္ဂဟဖြစ်ဖြစ် ဒီလိုကို ချကြည့်နေမှ ပြော်. . . တို့ခန္ဓာဟာ ဒုက္ခအစုကြီးပါလားဆိုတာ ပေါ်လာ တယ် . . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါပြီ)။

## ဥပါဒါန်ဘယ်ကလာသတုံး

ကိုင်းဒါဖြင့် ဥပါဒါန်သည် ဒကာ ဒကာမတို့ ဘယ်ကလာ တုံး. . . (တဏှာကလာပါတယ်)။

ဒါဖြင့် တဏှာကြောင့် ဘာဖြစ်သတုံး. . . (ဥပါဒါန် ဖြစ်ပါတယ်)။ တဏှာက ဘာသစ္စာတုံး. . . (သမုဒယသစ္စာပါ) ဥပါဒါန်က. . . (ဒုက္ခသစ္စာပါ)။

ဟာ. . . ဒကာသိုက်တို့၊ ဒါဖြင့် နေရာကျလိုက်တာ။ ဒါဖြင့် ၁-၂-၃-၄ ရှိပြီ ဒုက္ခတွေ တွေ့တာ. . . (မှန်ပါ)။ ဒုက္ခချည်း မဟုတ်ဘူးလား. . . (ဟုတ်ပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဧဝမေတဿ ကေဝလဿဆိုတာ မပေါ်သေးဘူးလား. . . (ပေါ်ပါပြီဘုရား)။ ဒကာကြွယ် သေသေချာချာ စဉ်းစားနော်. . . (မှန်ပါ)။

## တဏှာဘယ်ကလာပါလိမ့်

ဒါဖြင့် ဒကာ ဒကာမတို့ ဒီတဏှာ ဘယ်ကလာပါလိမ့် မတုံးလို့ မေးခွန်းထုတ်ပါဦး. . . (ဝေဒနာကလာပါတယ်)။ ဒါဖြင့် ဝေဒနာက သမုဒယသစ္စာ။ တဏှာက. . . (ဒုက္ခသစ္စာပါဘုရား) တဏှာသည်ပင်ဖြစ်ပျက်ဖြစ်လေသောကြောင့် ဒုက္ခသစ္စာပဲ . . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီ)။

ဒါပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော် သံယုတ်ပါဠိတော်တွေမှာ ဒီအတိုင်း မှတ်တာ. . . (မှန်ပါ)။ ဖြစ်စဉ်ကော ကိုက်ပါရဲ့လား . . . (ကိုက်ပါတယ်ဘုရား)။ ဝေဒနာကြောင့် ဘာဖြစ်သလဲ. . . (တဏှာဖြစ်ပါတယ်)။ ဒါဖြင့် "ကြောင့်" ပါတာက (သမုဒယသစ္စာ) "ဖြစ်" တာက. . . (ဒုက္ခသစ္စာပါ)။ ရှင်းပြီလား. . . (ရှင်းပါပြီ)။

ဒါခင်ဗျားတို့ သန္တာန်ဖြစ်လို့ရှိရင်တော့ ဒုက္ခသစ္စာဖြစ်တာပဲ . . . (မှန်ပါ)။

## ဝေဒနာဘယ်ကလာပါလိမ့်မတုံး

ဒါဖြင့် ဒကာ ဒကာမတွေ ရှေ့သွားပါဦး ဒီဥစ္စာ ဒီဝေဒနာ ဘယ်ကလာပါလိမ့်မတုံး. . . (ဖဿကလာပါတယ်ဘုရား)။ ဖဿခြောက်မျိုးကလာတယ်။ သဘောကျပြီလား. . . (ကျပါပြီ)။ ဖဿပစ္စယာ. . . (ဝေဒနာပါဘုရား)။ ဒါဖြင့် သမုဒယပါတာက ဘာသစ္စာတုံး. . . (သမုဒယသစ္စာပါ)။ ဝေဒနာက. . . (ဒုက္ခသစ္စာပါ)။ ရှင်းပြီလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ဒကာသိုက် ၁-၂-၃-၄-၅-၆ ဒါတွေဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ)။ သမုဒယတစ်ခုရှိသေးတယ်. . . (မှန်ပါ)။

## ဖဿဘယ်ကလာပါလိမ့်မလဲ

ကောင်းပြီ ဒီဖဿဘယ်ကလာပါလိမ့်မလဲ. . . (သဠာယတနကလာပါတယ်)။ သဠာယတနခြောက်မျိုးကလာတယ်. . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါပြီ)၊ သဠာယတနပစ္စယာ. . . (ဖဿပါ)။

ဒါဖြင့် ဒကာ ဒကာမတို့ သဠာယတနက ဘာသစ္စာ . . . (သမုဒယသစ္စာပါ)။ ဖဿက. . . (ဒုက္ခသစ္စာပါ)။

ဒါဖြင့် ခင်ဗျားတို့ သန္တာန်ဟိုဟာနဲ့တွေ့ ဒီဟာနဲ့တွေ့ဆိုတဲ့ ဖဿကလေး ဘာသစ္စာလုပ်ကြသလဲ. . . (မှန်ပါ)။ ဒီအခုနောက်ကလာခဲ့တာတွေ ဒုက္ခသစ္စာလို့ ရှုရမှာချည်းပဲ. . . (မှန်ပါ) ရှင်းပြီလား. . . (ရှင်းပါပြီ)။

## သဠာယတန

ကောင်းပြီ၊ ဒီသဠာယတနဟာ ဒကာသိုက်ရေ ဘယ်က လာပါလိမ့်မတုံး. . . (နာမ်ရုပ်ကလာပါတယ်)။ ရှင်းပြီလား ဒကာ ဒကာမတို့ . . . (မှန်ပါ)။

ဩော်. . . နာမ်ရုပ်ရှိလို့ မျက်စိ, နား, နှာခေါင်း,ကိုယ်, စိတ် ဆိုတဲ့ သဠာယတနလာတာ. . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါပြီ)။

## နာမ်ရုပ်

ဒါဖြင့် ဒကာ ဒကာမတို့၊ ဒီနာမ်ရုပ်က ဘယ်က လာပါ လိမ့်မတုံး. . . (ဝိညာဏ်ကလာပါတယ်)။ ဩော်. . . ပဋိသန္ဓေ နေမိလို့ ပဋိသန္ဓေဝိညာဏ်. . . (မှန်ပါ)။ ပ[illegible]န္ဓေဝိညာဏ် ကြောင့် ဘာပေါ်လာသတုံး. . . (နာမ်ရုပ်ပေါ်လာပ[illegible]တယ်)။

ဒါဖြင့် ဝိညာဏပစ္စယာ. . . (နာမရူပံ)။ ဝိညာဏ်က ဘာသစ္စာ. . . (သမုဒယသစ္စာပါ)။ နာမ်ရုပ်က. . . (ဒုက္ခသစ္စာ ပါ)။ ပေါ်ပြီလား. . . (ပေါ်ပါပြီ)။

## ဝိညာဏ်ဘယ်ကလာပါလိမ့်

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတွေ ဆက်လက်ပြီး တွေးပါဦး။ ဒီဝိညာဏ် ဘယ်ကလာပါလိမ့်မလဲလို့ မေးခွန်း

ထုတ်ဦး . . . (သင်္ခါရကလာပါတယ်)။ သင်္ခါရဆိုတဲ့ ကာယ သင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရ ဒီကလာတာကိုး. . . (မှန်ပါ)။

ဒါဖြင့် သင်္ခါရပစ္စယာ ဝိညာဏံဆိုတာ ပေါ်ပြီလား. . . (ပေါ်ပါပြီ)။ သင်္ခါရက . . . (သမုဒယသစ္စာပါ)။ ဝိညာဏ်က . . . (ဒုက္ခသစ္စာပါ)။

ဒါဖြင့် ဝိညာဏ်ဒုက္ခသစ္စာဖြစ်တာ မှတ်ခဲ့စမ်းနော် . . . (မှန်ပါ)။

## သင်္ခါရဘယ်ကလာပါလိမ့်

ဒီသင်္ခါရ ဘယ်ကလာပါလိမ့်မတုံး. . . (အဝိဇ္ဇာက လာပါ တယ်)။ ဒါဖြင့် အဝိဇ္ဇာက ဘာသစ္စာတုံး. . . (သမုဒယ သစ္စာပါ)။ သင်္ခါရသုံးခုက. . . (ဒုက္ခသစ္စာပါ)။

ကောင်းပြီ၊ ဘဝဝေဖန်ကြစို့ဆိုတော့၊ ဒီဇာတိ ဇရာ မရဏ ဘယ်ဘဝပါလိမ့်. . . (အနာဂတ်ဘဝပါ)။ ရှင်းပြီနော်. . . (မှန်ပါ)။ အဝိဇ္ဇာ, သင်္ခါရက ဘယ်ဘဝပါလိမ့်. . . (အတိတ် ဘဝပါ)။ ဒါဖြင့် ယခုခင်ဗျားတို့ခန္ဓာထဲမှာ ပဋိစ္စသမုပ္ပါဒ် ဘယ်နှမျိုး ရှိသတုံး. . . (ရှစ်မျိုးရှိပါတယ်)။

## အခုဘဝဒါတွေလှည့်ဖြစ်နေတာ

နေရာကျလိုက်တာ။ ဟောသားကျလာလို့ အဖိုးတန် လာတာနော်. . . (မှန်ပါ)။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ

ဝေဒနာ တဏှာ ဥပါဒါန်ကံ။ ဒါဟာ ဒကာကြွယ်တို့ ယခုဘဝပဲ . . . (မှန်ပါ)။ ယခုဘဝဒါတွေ လှည့်ဖြစ်နေတာပဲ. . . (မှန်ပါ)။ ရိပ်မိပြီလား. . . (ရိပ်မိပါပြီ)။

ဒါဖြင့် ယခုတရားနာနေတဲ့ ဒကာ ဒကာမတွေမှာ ပဋိစ္စသမုပ္ပါဒ် ဘယ်နှမျိုးရှိသတုံ. . . (ရှစ်မျိုးပါဘုရား)။

ရှစ်မျိုးမရှိနဲ့ ဒကာသိုက်ရေ တရားနာနေတုန်းနော် အိမ်ပြန် ရောက်တော့ ရှစ်မျိုးပေါ့ဗျာ. . . (မှန်ပါ)။ တရားနာနေတုန်း တရားအားထုတ်နေတုန်း ဘယ်နှမျိုးတဲ့တုံး(ခြောက်မျိုးပါဘုရား)။ ဝိညာဏ်နာမ်ရုပ် သဠာယတနဖဿဝေဒနာ ကံ(ကမ္မ ဘဝ) ရှိတယ်. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့သည် တရားနာနေတဲ့ အခိုက်အတန့်တော့ ဒီနေရာမှာ တရားနာတဲ့ သဒ္ဓါပညာတွေဝင်နေတယ်. . . (မှန်ပါ)။ အားထုတ်ပြန်တော့ မဂ္ဂင်ဝင်နေတယ် . . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီ)။

## တရားနာနေတဲ့အခိုက်မှာငါးမျိုးရှိ

ဒါဖြင့် တရားနာနေတဲ့ အခိုက်အတန့်မှာ ပဋိစ္စသမုပ္ပါဒ်က ဘယ်နှမျိုးဖြစ်သလဲ. . (ခြောက်မျိုးဖြစ်ပါတယ်)။ ဒီဒုက္ခသစ္စာပဲဖြစ်တယ်. . . (မှန်ပါ)။ ဒုက္ခသစ္စာပဲဖြစ်တယ်၊ ဒီဒုက္ခသစ္စာကော . . . (ဖြစ်ပါတယ်ဘုရား)။ ခုနင်က ဒုက္ခ

သစ္စာချည်းလို့ ပြောခဲ့တယ် မဟုတ်လား. . . (မှန်ပါ)။ ကောင်းပြီ ဒုက္ခသစ္စာ ပဋိစ္စ သမုပ္ပါဒ် ဘယ်နှမျိုးဖြစ်သလဲ. . . (ငါးမျိုးပါ ဘုရား)။ ရေစမ်းပါဦး. . . (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာပါဘုရား)။ အဲဒါပဲ။ ဒါတရားနာနေလို့. . . (မှန်ပါ)။

## တရားနာချိန်မှာသုံးမျိုးပယ်တယ်

တရားနာနေတယ်ဆိုတော့ ဝမ်းထဲမှာက သဒ္ဓါယုံကြည်လို့. . . (မှန်ပါ)။ သဒ္ဓါပညာဝီရိယတွေ မပါဘူးလား. . . (ပါပါတယ်)။ မဂ္ဂင်တွေ ဝင်နေတယ်။ သဘောကျပြီလား. . . (ကျပါပြီ)။ အဲဒါကြောင့် တဏှာ ဥပါဒါန်ကံဆိုတာ ပါသေးရဲ့လား. . . (မပါပါဘူး)။ တရားနာနေတုန်း ပဋိစ္စသမုပ္ပါဒ် ဘယ်နှမျိုးဖြစ်သတုံး . . . (ငါးမျိုးဖြစ်ပါတယ်)။ ငါးမျိုးဖြစ်ပြီးသကာလ ဒကာ ဒကာမတို့ သုံးမျိုးကိုပယ်လိုက်တယ်။ တဏှာဥပါဒါန်ကံ မပယ်ဘူးလား. . . (ပယ်ပါတယ်)။ နောက်လာလတ္တံ့ဖြစ်တဲ့ ဇာတိ ဇရာ မရဏကော (ပယ်ပါတယ်ဘုရား)။

တရားနာနေ တရားအားထုတ်နေလိုက်တော့ ဒကာ ဒကာမတွေသည် ပယ်လိုက်တဲ့တရားတွေကော ပေါ်ပြီလား (ပေါ်ပါပြီ)။ ဘယ်သူ ဘယ်သူတွေပါလိမ့်. . . (တဏှာဥပါဒါန် ကံ ဇာတိ ဇရာ မရဏပါဘုရား)။

ဒကာကြွယ်ရေ မပေါ်သေးဘူးလား. . . (ပေါ်ပါပြီ)၊ သူများပြောလားဗျာ . . . (မဟုတ်ပါဘူး)။ ကိုယ်တွေ့ပဲဆိုတာ ဒကာ ဒကာမတွေ ရှင်းပြီလား. . . (ရှင်းပါပြီ)။

## ထုံးစံအချိန်မှာ ရှစ်မျိုးရှိတယ်

ဒါတရားနာနေတဲ့ မဂ္ဂင်ကလေးညှပ်နေလို့။ ထုံးစံအတိုင်း သားနဲ့သမီးနဲ့ အရောင်းနဲ့ အဝယ်နဲ့ဆိုလို့ ရှိရင်ဖြင့် ပဋိစ္စသမုပ္ပါဒ် ဘယ်နှမျိုး ဖြစ်နေသတုံး. . . (ရှစ်မျိုးပါ)။ ရေစမ်းပါဦး . . . (ဝိညာဏ်. . ကံပါဘုရား)၊ အံမာလေး ဒကာကြွယ်တို့ ကြောက်စရာ ကောင်းလိုက်တာ. . . (ကောင်းပါတယ်ဘုရား)၊

ဒကာ ဒကာမတို့၊ ခင်ဗျားတို့ ဒီတရားမျိုးကို မနာရဘူးဆိုရင် ဒီကျအောင် တို့သွားနေတယ်လို့မသိဘူး. . . (မသိပါဘူး)၊ သိကိုသိသေးရဲ့လား. . . (မသိပါဘူး)။

## တရားအားမထုတ်လို့ရှိရင်

အခုတော့ဖြင့် ဒကာ ဒကာမတွေ တရားမနာ တရားအား မထုတ်လို့ရှိရင်ဖြင့် တစ်နေ့မှာ ဒီဝိညာဏ်နာမ်ရင် သဠာယတန ဖဿ ဝေဒနာ တဏှာ ဉပါဒါန်ကံပေါင်း ဒကာကြွယ် ဘယ်လောက်ဖြစ်မယ်ထင်သတုံး . . . (မရေမတွက်နိုင်ပါဘူးဘုရား)။

မရေမတွက်နိုင်အောင် ဖြစ်နေတော့ ဇာတိ ဇရာ မရဏ ပေါင်း နောက်ကို ဘယ်လောက်ရမလဲလို့ မေးခွန်းထုတ်ရင် ဘယ့် နှယ်ဖြေကြမလဲ. . . (မရေတွက်နိုင်အောင် ရမှာပါဘုရား)။

## ဝိပဿနာအလုပ်လုပ်ဖြစ်အောင်လုပ်ပါ

ဟာ ဒါဖြင့် ဒကာကြွယ် လုပ်ရင်လုပ်ဗျာ။ ဒကာသိုက် လုပ်ဖြစ်အောင် လုပ်နော်. . . (မှန်ပါ)။ ဝိပဿနာအလုပ် လုပ်ဖြစ် အောင်လုပ်ပါ။ မလုပ်လို့ ဒကာ ဒကာမတွေ ထုံးစံအတိုင်း တပည့်တော်တို့ဖြင့် လျှဒါန်းပေးကမ်းပြီးသကာလ၊ သီလကလေး ဆောက်တည်နေပါတော့မယ်ဆိုရင်ဖြင့် ကုသိုလ်တော့ ရပါ တယ်။ ပဋိစ္စသမုပ္ပါဒ် မပြတ်ဘူးလို့ ဟောရမယ် . . . (မှန်ပါ)။ ပြတ်ကဲ့လား. . . (မပြတ်ပါဘူး)။ သူများပြောလား ဉာဏ်မြင် လား . . . (ဉာဏ်မြင်ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခွဲကြပါစို့။ ဝိပဿနာအားထုတ် တဲ့ပုဂ္ဂိုလ်များမှာ ဘယ်လိုအကျိုးရှိပါလိမ့်မလဲလို့ ဒကာသိုက်တို့၊ ဒကာဦးလှဖူးတို့က မေးခွန်းထုတ်လို့ရှိရင်ဖြင့်၊ ဟောဒီက အတိတ် ဘဝ အဝိဇ္ဇာနဲ့ သင်္ခါရက (မှန်ပါ)။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာက. . . (ပစ္စုပ္ပန်ဘဝပါ)။ တဏှာ ဥပါဒါန် ကံတွေ ကော. . . (ပစ္စုပ္ပန်ဘဝပါပဲ)။ သို့သော် အကြောင်းဖြစ်နေတယ်။ အနာဂတ်အကြောင်း. . . (မှန်ပါ)။

ဘဝကတော့. . . (ပစ္စုပ္ပန်-ဘဝပါဘုရား)။ အကြောင်းကတော့. . . (အနာဂတ်အကြောင်းပါ)။ အနာဂတ်ကို အကျိုးပေးမယ့်အကြောင်းဖြစ်တယ်. . . (မှန်ပါ)။ ဇာတိ ဇရာ မရဏ လာခြင်း၏အကြောင်း မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်)။

ဒါ့ကြောင့် ဘဝကတော့ ယခုပစ္စုပ္ပန်ဘဝပါပဲ။ သို့သော် အကြောင်းဆိုတဲ့ တရားဖြစ်နေသောကြောင့် အနာဂတ်ကို အကျိုးပေးမယ်. . . (မှန်ပါ)။ မပေးပေဘူးလား (ပေးပါတယ်)။

## အနာဂတ်အကြောင်းကသုံးခု

ဒါဖြင့် အနာဂတ်အကြောင်းက ဘယ်နှခုတုံး မေးရင်ကော . . . (သုံးခုပါ)။ ရေစမ်းပါ. . . (တဏှာဥပါဒါန်ကံပါ)။ ရှင်းပြီလား. . . (ရှင်းပါပြီ)။

ဒကာ ဒကာမတို့ ဒီကနေပြီး ပျိုးထောင်လို့ ဒကာကြွယ် ဒီဘက်က လာတာပေါ့။ ဒီအနာဂတ်ဘဝလာတယ်. . . (မှန်ပါ)။ ဒီက မပျိုးထောင်ရင်. . . (မလာပါဘူး)။

ကြပ်ကြပ်စဉ်းစားပါ။ ကြပ်ကြပ်စဉ်းစားပါ။ ဒီကနေပြီး သကာလ မပျိုးထောင်ဘူးဆိုလို့ရှိရင်ဖြင့်၊ ဒကာ ဒကာမတွေ ဝိပဿနာမဂ် ဝင်မယူတော့ဘူး၊ လောကုတ္တရာမဂ်ဝင်ခွင့်မရဘူး ဆိုရင်ဖြင့်၊ ခင်ဗျားတို့ ပစ္စုပ္ပန်ဘဝကနေပြီး သကာလ ဒကာ ဒကာမတွေ အနာဂတ်အကြောင်းတွေ မလုပ်ဘူးလား . . .

(လုပ်ပါတယ်ဘုရား)။ သေသည်၏အခြားမဲ့၌ ဘာအကျိုးတွေ ရမလဲ . . ., (အနာဂတ်အကျိုးတွေရပါမယ်)။ အနာဂတ်အကျိုး ဆိုတာက ဇာတိ ဇရာ မရဏ မရပေဘူးလား. . . (ရပါတယ်)။

ဒါဖြင့် ဒကာ ဒကာမတို့၊ တရားလည်းအားမထုတ်၊ တရား လည်းမနာတဲ့ပုဂ္ဂိုလ်တွေဖြင့်၊ ဘာတွေများ လုပ်နေသတုံး ဆိုတော့ ပေါ်ပြီလား. . . (ပေါ်ပါပြီ)။ ဘာတွေလုပ်နေပါလိမ့် . . . (အနာဂတ်အကြောင်းတွေ လုပ်နေပါတယ်ဘုရား)။

ဘာဖြစ်လို့ ဒီအနာဂတ်အကြောင်းတွေ လုပ်နေရတာ တုံးလို့ မေးခွန်းထုတ်လို့ရှိရင် တပည့်တော်တို့ နောက်ဘဝ ဒုက္ခသစ္စာနဲ့ အိုးစားကွဲမှာစိုးလို့ဘုရား. . . (မှန်ပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီ)။

ဘယ်လိုလျှောက်ကြမယ်. . . (ဒုက္ခသစ္စာနဲ့ အိုးစားကွဲ မှာစိုးလို့ပါဘုရား)။ ဩော် ငယ်ပေါင်းဖြစ်နေလို့လား။ မမေးသင့် ဘူးလား. . . (မေးသင့်ပါတယ်)။

အဲဒီတော့ ခင်ဗျားတို့သည် ဒီလိုတရားထူးကို ဒကာကြွယ် မသိရင် ကျုပ်တို့ဘာအပြစ်ရှိသတုံးဗျလို့ ပြောချင် ပြောမှာ. . . (မှန်ပါ)။ အခုတော့ဖြင့် ပြောဖို့လိုသေးသလား . . . (မလိုပါဘူး)။ ဝိပဿနာမှာ ဒီကြားမဝင်လိုက်တော့ဘူး ဆိုရင်ဖြင့် အနာဂတ် အကြောင်းသုံးခုပြတ်သေးရဲ့လား . . . (မပြတ်ပါဘူး)။ ပေါ်ကြ[illegible]း. . . (ပေါ်ပါပြီ)။

## ဒါနသီလလောက်နဲ့တင်းတိမ်မနေနဲ့

အဲဒါကြောင့် ဒကာ ဒကာမတို့၊ သီလကလေးလောက်၊ ဒါနကလေးလောက်နဲ့ တင်းတိမ်မနေလိုက်ပါနဲ့ဆိုတာကို အရေးတကြီး ဟောရတယ်. . . (မှန်ပါ)။ ပဋိစ္စသမုပ္ပါဒ်မပြတ်လို့ . . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါပြီ)။

ကောင်းပြီ၊ သီလထဲမှာ ဒီဝိဇ္ဇာဆိုတဲ့ ပညာသည် ကားလို့ဆိုရင်. . . ကမ္မဿကတာပညာလောက်တင် ပါနေတယ်. . . . (မှန်ပါ)။ အဝိဇ္ဇာကိုချုပ်အောင် လုပ်နိုင်တဲ့ပညာက. . . (မပါပါဘူး)။ အဲဒါကြောင့် ပဋိစ္စသမုပ္ပါဒ် မပြတ်ပါဘူး. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့၊ အနာဂတ်အကြောင်းက ဘယ်နှခုပါလိမ့်. . . (သုံးခုပါဘုရား)။

အနာဂတ်အကြောင်းသုံးခုသည်ကားလို့ဆိုရင်ဖြင့် မလုပ်တော့ပါဘူးလို့ ပါးစပ်ကပြောလို့မရဘူး. . . (မှန်ပါ)။ အနာဂတ်အကြောင်း သုံးခုရှေ့နားက ဒကာသိုက်ရေ မဂ်ဝင်မှ. . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီ)။ မဂ်ဝင်မှ အနာဂတ်အကြောင်းသုံးခုကို မလုပ်ဘူးဆိုတာ သေသေချာချာမှန်တယ်. . . (မှန်ပါဘုရား)။ မဂ်မဝင်ရင်တော့. . . (မမှန်ပါဘူး)။ ပေါ်ပြီလား. . . (ပေါ်ပါပြီ)။

## ပုတီးစိပ်ရုံပါးစပ်ဆိုရုံနဲ့မပြတ်ဘူး

သာမညအရေးလား တကယ့်အရေးလား (တကယ့်အရေးပါဘုရား)။ ပုတီးကလေးစိပ်ရုံ ပါးစပ်က ဆိုရုံနဲ့ ခင်ဗျားတို့က ပါးစပ်ကတော့ အနိစ္စ ဒုက္ခ အနတ္တ အရဟံ အရဟံနဲ့။ ဒီဥစ္စာလောက်နဲ့ ပဋိစ္စသမုပ္ပါဒ်ပြတ်ကို မပြတ်ဘူး. . . (မှန်ပါ)။ ပြတ်ပဲ့မလား. . . (မပြတ်ပါဘူး)။

မပြတ်ပါဘူး ဒကာ ဒကာမတို့။ အဲဒါခင်ဗျားတို့ သာမညနဲ့လမ်းဆုံးရလို့ဖြစ်ရတဲ့ ဖြစ်ထွေလို့မှတ်. . . (မှန်ပါ)။ရှင်းကြပြီလား. . . (ရှင်းပါပြီ)။

## လုပ်သလောက်ခရီးမပေါက်

အဲဒကာကြွယ်ရေ တကယ်နည်းမှန်လမ်းမှန် **ပြသနိုင်**လို့ တရားစစ် တရားမှန်တွေ့တော့၊ ဩော်. . . လုပ်သာ**လုပ်**နေရတယ် လုပ်သလောက်ခရီးမပေါက်တာတွေလည်း **တစ်ပုံကြီး**ပါလား. . . (မှန်ပါ)။ မဆိုထိုက်ဘူလား. . . (ဆိုထို**က်ပါ**တယ်ဘုရား)။ အင်မတန်ကြောက်စရာမကောင်းဘူး**လား**. . . (ကောင်းပါတယ်)။

## အစဉ်လိုက်သိတာသမုဒယသစ္စာသိ

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ်ကြီးကို ဒီလို သိရတော့ ဒီလိုသိတာက ပြောင်းပြန်သိတာ။ ဒီလိုသိတာက အစဉ်လိုက်သိတာ. . . (မှန်ပါ)။ ပြောင်းပြန်သိတော့ ဒုက္ခ သစ္စာသိတယ်။ အစဉ်လိုက်သိတော့ သမုဒယသစ္စာသိတယ် . . . (မှန်ပါ)။ ဒါကိုမှတ်ထားပါ. . . (မှန်ပါ)။

ဒါကြောင့် အဝိဇ္ဇာပစ္စယာဆိုတော့ ပစ္စယာပါလာတယ်။ ပစ္စယာဆိုတာ အကြောင်း. . . (မှန်ပါ)။ အဝိဇ္ဇာပစ္စယာ. . . (သင်္ခါရာပါ)။ အစဉ်လိုက်သိတာကိုးဗျ. . . (မှန်ပါ)။ အဲဒီတော့ အကြောင်းသမုဒယမသိဘူးလား. . . (သိပါတယ်ဘုရား)။

## ပြောင်းပြန်သိတာဒုက္ခသစ္စာသိ

တစ်ခါပြောင်းပြန်သိတဲ့အခါကျလို့ရှိရင်ဖြင့် ဇရာ မရဏက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ)။ ဇာတိက. . . (သမုဒယသစ္စာပါ)။ တစ်ခါ ဇာတိက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ)။ ကံက . . . (သမုဒယသစ္စာပါ)။ ဒီလိုသိတော့ ဘာသစ္စာတွေသိရသတုံး. . . (ဒုက္ခသစ္စာတွေ သိရပါတယ်)။

## ဝေဒနာနဲ့တဏှာကြားမှာ ဘုရားပွင့်တယ်

ဝေဒနာနဲ့ တဏှာကြားမှာ ဘုရားပွင့်တယ်လို့ ဆရာဘုန်းကြီးကပြောတယ်။ ဝေဒနာနဲ့ တဏှာကြားမှာ သောတာပန်တည်ရမယ်. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီ)။ ဝေဒနာနဲ့ တဏှာကြားမှာပဲ သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်ရမယ်. . . (မှန်ပါ)။

ဒီကြားထဲမှာ မဂ်သွင်းလို့ရှိရင်ဖြင့် သောတာပန် သကဒါဂါမ် အနာဂါမ် မဖြစ်နိုင်ဘူးလား. . . (ဖြစ်နိုင်ပါတယ်)။ ဖြစ်နိုင်တာသိတော့ မဂ္ဂသစ္စာသိတယ်. . . (မှန်ပါ)။

ဩော်. . . ဒီနေရာမှာ မဂ်ပေါ်လို့ရှိရင်ဖြင့် သံသရာပြတ်တယ်လို့ သိတာသည် မဂ္ဂသစ္စာသိတယ်. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီ)။

## ဝိပဿနာရှုမှလို့သိတာမဂ္ဂသစ္စာသိ

ဝေဒနာနဲ့တဏှာကြားမဂ်ပေါ်မှ တော်မယ်လို့ ဆိုတာသိတာက ဘာသစ္စာသိတာတုံး. . . (မဂ္ဂသစ္စာပါ)။

ဝေဒနာနဲ့ တဏှာကြားမဂ်ကိန်းမှ မဂ်အားထုတ်မှ ဒီနေရာကနေ ဝိပဿနာရှုမှလို့သိတော့ ဘယ်သစ္စာသိသတုံး . . . (မဂ္ဂသစ္စာသိပါတယ်)။

## အကုန်ချုပ်တာသိတာနိရောဓသစ္စာသိ

မဂ္ဂသစ္စာဒီနေရာထားလိုက်ရလို့ရှိရင်ဖြင့် ဒီဘက်ကဟာတွေ အကုန်ချုပ်တယ်လို့ မသိဘူးလား. . . (သိပါတယ်)။ အဲဒါက နိရောဓသစ္စာသိတာ. . . (မှန်ပါ)။

တော်တော်အဖိုးတန်တယ်. . . (မှန်ပါ)။ တော်တော့ကို အဖိုးတန်ပြီ ဒကာ ဒကာမတို့. . . (မှန်ပါ)။ သစ္စာဘယ်နှပါး သိရသတုံး. . . (လေးပါးသိရပါတယ်)။

## သစ္စာလေးပါးသိတယ်

ပြန်ပြောလိုက်မယ်၊ ပြန်ပြောလိုက်မယ် ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ် ပြောင်းပြန်သိတော့ ဘာသစ္စာသိသတုံး. . . (ဒုက္ခသစ္စာသိပါတယ်။ အစဉ်အတိုင်းသိတော့. . . (သမုဒယ သစ္စာသိပါတယ်)။

သို့သော် ဆရာဘုန်းကြီးကလည်း ပြောတယ်၊ ဝေဒနာနဲ့ တဏှာကြားမှာ သောတာပန်တည်အောင်လုပ်လို့ဆိုတော့ ဒီကြားမှာ မဂ်သွင်းလိုက်လို့ ပြောတာပေါ့လေ. . . (မှန်ပါ)။ အဲဒီလို မဂ်သွင်းမှုရမယ်လို့သိတော့ ဘာသစ္စာသိသတုံး. . . (မဂ္ဂသစ္စာသိပါတယ်)။ မဂ်သွင်းလိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ဘယ်သူတွေ ပြတ်သွားသတုံး. . . (တဏှာဥပါဒါန်ကံပြတ်ပါတယ်)။ ဒီဘက်က ခုနင်က ပဋိလောမသိတဲ့ တဏှာဥပါဒါန်

ဘဝဇာတိ ဇရာ မရဏတွေ မပြတ်ဘူးလား. . . (ပြတ်ပါတယ်)။ အဲဒါတွေပြတ်တော့ အဲဒါတွေချုပ်တာ မသိရဘူးလား . . . (သိရပါတယ်)။ အဲဒါဟာ ဘာသစ္စာသိသလဲ. . . (နိရောဓသစ္စာသိပါတယ်)။ နိရောဓသစ္စာ သိတယ်ဆိုတော့ ဒကာကြွယ် သေပျော်တာပေါ့. . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါပြီ)။

## ဘယ်နေရာမှာမဂ်ထားမှာတုံး

ကြပ်ကြပ်စဉ်းစားပါ။ ဒီနေ့တိုးလာတဲ့စကားတွေ သိပြီလား. . . (သိပါပြီ)။ ပြောင်းပြန်သိရင်. . . (ဒုက္ခသိပါတယ်)။ အစဉ်လိုက်သိရင်. . . (သမုဒယသစ္စာသိပါတယ်)။ ဘယ်နေရာမှာ မဂ်ထားရမယ်လို့သိရင်. . . (မဂ္ဂသစ္စာသိပါတယ်)။ ခင်ဗျားတို့ ဘယ်နေရာမှာ မဂ်ထားရမယ်လို့ မသိဘူး၊ နဂိုက. . . (မှန်ပါ)။ ယခုတော့ ဘယ်နေရာမှာ မဂ်ထားမှာတုံး (ဝေဒနာနဲ့ တဏှာကြားမှာပါ)။ အဲဒီမဂ်ထားနိုင်လို့ရှိရင် ဘာတွေချုပ်သွား . . (တဏှာဥပါဒါန်ကံဇာတိ ဇရာ မရဏပါဘုရား)။ အဲဒီ သိတာက ဘာသိတာတုံး. . . (နိရောဓသိတာပါ)။ ရှင်း . . . (ရှင်းပါပြီ)။

## ဝေဒနာနဲ့တဏှာကြားမှာ မဂ်ဖြစ်အောင်လုပ်

ဒါဖြင့် ဝေဒနာနဲ့တဏှာကြားမှာ မဂ်ဖြစ်အောင်လုပ်နိုင်တဲ့ ပုဂ္ဂိုလ်သည် မဂ္ဂသစ္စာဝမ်းထဲရောက်တယ်. . . (မှန်ပါ)။ ဒကာကြွယ် မရောက်လား. . . (ရောက်ပါတယ်ဘုရား)။

ဝေဒနာနဲ့ တဏှာကြားမှာ ဒီနေရာက ရှုရမှာပဲလို့ သိတာသည် မဂ်နဲ့ရှုရမှာပဲဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်)။

## ဒီကြားထဲမဂ်ဝင်မှနေရာကျမယ်

ဒီကြားထဲမဂ်ဝင်မှ နေရာကျမယ် ဆိုတာသည် တကယ်လည်း ဝင်အောင်၊ အားထုတ်လိုက်တဲ့ပုဂ္ဂိုလ်မှာ ဖြစ်ပျက်မြင်အောင် အားထုတ်တဲ့ပုဂ္ဂိုလ်မှာ မဂ်မဝင်ဘူးလား. . . (ဝင်ပါတယ်)။ အဲဒီမဂ် ဘာသစ္စာတုံး. . . (မဂ္ဂသစ္စာပါ)။ ဒီမဂ်ဝင်လာတော့ ချုပ်သွားတဲ့တရားတွေ မသိဘူးလား. . . (သိပါတယ်)။ ဘယ်ကစချုပ်ပါလိမ့် . . . (တဏှာက စချုပ်ပါတယ်)။ အဲဒီ ချုပ်သွားတာက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ)။ ပေါ်ပြီလား . . . (ပေါ်ပါပြီ)။

## အခုအားထုတ် အခုနိဗ္ဗာန်ရနိုင်တယ်

တဒင်္ဂနိရောဓဆိုတဲ့ ကိလေသာ ခေတ္တခဏချုပ်ငြိမ်းနေတဲ့နိဗ္ဗာန်ကို ယခုအားထုတ်ရင်ယခုရနိုင်တယ်. . (မှန်ပါ)။ မဂ္ဂင်ငါးပါးနဲ့ ပြည့်စုံတဲ့ ယခုခဏနိရောဓနိဗ္ဗာန်ရပါတယ်. . . (မှန်ပါ)။ ရှစ်ပါးပြည့်စုံအောင် အားထုတ်ရင် သေသေချာချာ သောတာပတ္တိမဂ်ဖြစ်တဲ့နိဗ္ဗာန်ရတာပေါ့. . . (မှန်ပါ)။ မရပေဘူးလား. . . (ရပါတယ်)။

ဒါဖြင့် နိဗ္ဗာန်ကိုရှာချင်လို့ရှိရင် ဒကာ ဒကာမတို့ ခန္ဓာကိုယ်ထဲမှာ ရှာပါဆိုတော့ ကြည့် ခန္ဓာကိုယ်ထဲမှာ ရှာရမယ် . . . (မှန်ပါ)။

## နိဗ္ဗာန်ကို ခန္ဓာကိုယ်ထဲမှာရှာပါ

နိဗ္ဗာန်ရှာချင် ဘယ်မှာရှာရမလဲ. . . (ခန္ဓာကိုယ်မှာ ရှာရပါမယ်)။ ခန္ဓာကိုယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ် ဘယ်နှမျိုးရှိသတုံး . . . (ရှစ်မျိုးပါ)။ ပစ္စုပ္ပန်ခန္ဓာမှာ ရှစ်မျိုးပဲရှိတယ်။ အနာဂတ် ခန္ဓာကိုယ်ရှိဘဲနဲ့ သွားရှာနေရင် အပိုပဲ။ အတိတ်ခန္ဓာကိုယ်ရှိရဲ့လား . (မရှိပါဘူး)။ ကိုယ့်ရှိတာက ဘယ်နှပါးရှိသတုံး. . . (ရှစ်ပါးရှိပါတယ်)။

အဲဒီရှစ်ပါးထဲမှာ နိဗ္ဗာန်ရှာပါ. . . (မှန်ပါ)။ သံယုတ်ပါဠိတော်မှာ တစ်လံမျှလောက်သော ခန္ဓာကိုယ်ထဲရှာရမယ်တဲ့ . . . (မှန်ပါ)။

## နိဗ္ဗာန်ကို ဘယ်မှာရှာရမှာတုံး

နိဗ္ဗာန်ကို မင်းတို့ တခြားအရပ်၊ တခြားတိုင်းပြည်တွေမှာ ရှိလိမ့်မယ်လို့ မရှာပါနဲ့. . . (မှန်ပါ)။ ဘယ်မှာ ရှာရမတုံး . . . (တစ်လံမျှလောက်သော ခန္ဓာကိုယ်မှာ ရှာရပါမယ်)။

ဒါဖြင့် သံယုတ်ပါဠိတော်မှာ ရောဟိတဿနတ်သားကို ဟောတာက တစ်လံမျှလောက်သောခန္ဓာကိုယ်ထဲ ရှာလို့ဟောတာ. . . (မှန်ပါ)။

ဒါကို ဘုန်းကြီးက ဒကာ ဒကာမတွေကို မျက်မြင်ဖြစ်အောင် ပြရသည်ဖြစ်လေတော့ ဒီရှစ်မျိုးထဲမှာ ရှာပါ (မှန်ပါ)၊ ရှင်းပြီလား. . . (ရှင်းပါပြီ)။

## ခန္ဓာကိုယ်ထဲမှာ ရှာပါ

နိဗ္ဗာန်ရှာချင်ရင် ဘယ်ထဲရှာရမလဲ. . . (ခန္ဓာကိုယ်ထဲ ရှာရပါမယ်) ခင်ဗျားတို့ ခန္ဓာထဲရှာပါ။

ဒါ ခင်ဗျားတို့ခန္ဓာ။ ခင်ဗျားတို့မှာ အခုဝိညာဏ်စိတ်ကော မရှိဘူးလား. . . (ရှိပါတယ်)။ နာမ်ရုပ်. . . (ရှိပါတယ်)။ သဠာယတန. . . (ရှိပါတယ်)၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ မနဆိုတဲ့ သဠာယတနမရှိဘူးလား. . . (ရှိပါတယ်)။ ဖဿ. . . (ရှိပါတယ်)၊ ဝေဒနာ. . . (ရှိပါတယ်)၊ တဏှာ ဥပါဒါန်ကံဆိုတော့ဒါ ခန္ဓာကိုယ်ဖြစ်ကရော. . . (မှန်ပါ)၊ ပစ္စုပ္ပန်ခန္ဓာ မဖြစ်သေးဘူးလား. . . (ဖြစ်ပါတယ်)။

## ဝေဒနာနဲ့တဏှာကြားမှာ မဂ်သွင်းပါ

အဲဒီ ပစ္စုပ္ပန်ခန္ဓာထဲမှာ နိဗ္ဗာန်ရှာပါ. . . (မှန်ပါ)။ ဝေဒနာနဲ့ တဏှာကြားမှာ မဂ်သွင်းပစ်လိုက်. . . (မှန်ပါ)၊ ဝေဒနာနဲ့ တဏှာကြားမှာ မဂ်သွင်းပစ်လိုက်တော့ကို ရှေ့ပိုင်းကဟာတွေ ဖြစ်ပျက်ရှုပစ်လိုက်။ ဖြစ်ပျက်ရှုလိုက်တော့ သူတို့က ဖြစ်ပျက်ဆိုတော့ ဒီကမဂ်မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်)၊ ဒီက မဂ်ဖြစ်တော့ကို ဒီဘက်က ဘာတွေချုပ်သတုံး၊ တဏှာ ဥပါဒါန် ကံတွေ မချုပ်ဘူးလား. . . (ချုပ်ပါတယ်)၊ တဏှာ ဥပါဒါန် ကံချုပ်ကတည်းက ဟိုဘက်မှာ ဇာတိ ဇရာ မရဏလာဦးမလား. . . (မလာပါဘူး)၊ မလာလို့ရှိရင် ဒါတွေဘာတွေတုံး. . . (နိရောဓတွေပါ)၊ ဒါဖြင့် နိဗ္ဗာန်ဒီထဲမှာရှိတယ်. . . (မှန်ပါ)။

## ပစ္စုပ္ပန်ခန္ဓာထဲမှာ နိဗ္ဗာန်ကို တွေ့နိုင်တယ်

ဒကာကြွယ်-ဘယ်ထဲမှာရှိသတုံး. . . (ပစ္စုပ္ပန်ခန္ဓာထဲမှာရှိပါတယ်)၊ ဒါဖြင့် နိဗ္ဗာန်ဟာ အဝေးသွားရှာနေရင် လွဲတာပေါ့. . . (မှန်ပါ)၊ ပုတီးလည်ပင်းစွပ်ပြီး မေ့နေတဲ့ပုဂ္ဂိုလ်ဟာ ဘယ်တော့တွေ့မှာတုံး. . . (မှန်ပါမတွေ့ပါဘူး)။ ဘာဖြစ်လို မတွေ့သတုံး. . . (ခန္ဓာမရှာလို့ပါ)၊ ခန္ဓာမှာ ရှာရင်တွေ့မှာပဲ. . . (မှန်ပါ)၊ လည်ပင်းမှာပင် နိဗ္ဗာန်ရှိတဲ့ဥစ္စာ လည်ပင်းကိုပဲ မရှာမိဘူး၊ ဘေးချည်းရှာရင်တော့ ဒကာကြွယ် ဒီလူဟာ ဒေါင်းတောက်ပြီး

မျက်စိလည်နေမှာပဲ. . . (မှန်ပါ)၊ တွေ့စရာမြင်သေးရဲ့လား. . . (မမြင်ပါဘူး)။

ဒါဖြင့် နိဗ္ဗာန်ရှာရင် ဘယ်နေရာမှာ တွေ့နိုင်သလဲ (ခန္ဓာကိုယ်ထဲမှာပင် တွေ့နိုင်ပါတယ်။)

## ဖြစ်ပျက်ရှုတော့ တဏှာချုပ်တာနိဗ္ဗာန်

ရှာကြည့်။ ဝိညာဏ်ကို ဖြစ်ပျက်ရှုရင်ရှု။ နာမ်ရုပ်ကို. . . (ဖြစ်ပျက်ရှုရပါမယ်)၊ ဖဿကို. . . (ဖြစ်ပျက်ရှုရပါမယ်)၊ ဝေဒနာကို. . . (ဖြစ်ပျက်ရှုရပါမယ်)၊ ဖြစ်ပျက်ရှုလိုက်တော့ သူက ဘာဖြစ်သွားသတုံး. . . (မဂ်ဖြစ်သွားပါတယ်)၊ မဂ်ဖြစ်သွားတော့ ဒီဘက်ကဟာတွေက မချုပ်ဘူးလား. . . (ချုပ်သွားပါတယ်)၊ တဏှာချုပ်တာလည်း နိဗ္ဗာန်၊ ဥပါဒါန်ချုပ်တာလည်း. . . (နိဗ္ဗာန်)၊ ကံတွေချုပ်တာကော. . . (နိဗ္ဗာန်ပါ)၊ ဒါဖြင့် နိဗ္ဗာန်ဟာ ဒီနားတွင်ပဲ. . . (မှန်ပါ)၊ ဒီတစ်လံမျှလောက်သော ခန္ဓာကိုယ်ထဲတွင် ရှာနိုင်တယ်. . . (မှန်ပါ)။

ဘယ်များရှိပါလိမ့်. . . (တစ်လံမျှလောက်သော ခန္ဓာကိုယ်ထဲမှာ ရှိပါတယ်)။

## နိဗ္ဗာန်ကိုရှာတတ်ကြပြီလား

ဒါဖြင့် ဒကာ ဒကာမတွေက နိဗ္ဗာန်လိုချင်တာနဲ့ ဟိုရှာ ဒီရှာနဲ့ ရှာလေမတွေ့လေပဲ. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီ)၊ နိဗ္ဗာန်ကိုခင်ဗျားတို့ရှာတတ်ပြီလား (ရှာတတ်ပါပြီ)၊ ဘယ်ထဲရှာရမလဲ. . . (တစ်လံမျှလောက်သော ခန္ဓာကိုယ်ထဲ ရှာရပါမယ်)။

တစ်လံမျှလောက်သော ခန္ဓာကိုယ်ထဲမှာ ပဋိစ္စသမုပ္ပါဒ် ဘယ်နှမျိုးရှိသတုံး. . . (ရှစ်မျိုးရှိပါတယ်)၊ အဲဒီအထဲရှာ. . . (မှန်ပါ)၊ ရှင်းပြီလား. . . (ရှင်းပါပြီ)။

## ရောဟိတဿနတ်သား

ဒါ ဘုန်းကြီးက ကြံဖန်ပြောတာလား ဒကာကြွယ်ရေ-ရောဟိတဿ နတ်သားက လျှောက်လို့ ဘုရားကဖြေတာလား. . . (နတ်သားလျှောက်လို့ ဘုရားကဖြေတာပါ)။

ရောဟိတဿ နတ်သားသည်ကားလို့ ဆိုရင်ဖြင့် သံသရာအဆုံးကို ရှာလိုက်တဲ့ဥစ္စာ စကြဝဠာကမ္ဘာတွေ ကျော်ကျော်-ကျော်ကျော်ပြီးရှာတာ သူသာသက်တမ်းစေ့လို့ သေခဲ့တယ်။ သံသရာအဆုံးမပေ့ခဲ့ဘူး. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီ)။

အခုတော့ ခန္ဓာကြီးဟာ သံသရာကိုးဗျ. . . (မှန်ပါ)၊ ဒီ သံသရာအဆုံးရောက်အောင် သွားချင်လို့ရှိရင်ဖြင့် ဒီနေရာ မဂ် ပေါ်အောင် လုပ်လိုက်။ ဒီဘက်က ဆုံးသွားတာပဲ. . . (မှန်ပါ)၊ မဆုံးဘူးလား. . . (ဆုံးပါတယ်)။

ဒီနေရာ မဂ်ပေါ်တော့ တဏှာကော. . . (ချုပ်ပါတယ်)၊ ဥပါဒါန်ကော. . . (ချုပ်ပါတယ်)၊ ကံကော. . . (ချုပ်ပါတယ်)၊ ဒါဖြင့် ဒါတွေချုပ်တော့ ရှေ့ဆက်နိုင်သေးရဲ့လား. . . (မဆက်နိုင်ပါဘူး)။

ဒါဖြင့် ဒီ ဒကာ ဒကာမတွေသည် တဏှာနိရောဓ နိဗ္ဗာန်. . . (မှန်ပါ)၊ ဥပါဒါန်နိရောဓ (နိဗ္ဗာန်ပါ)၊ ကဲ- နိဗ္ဗာန် တွေက ရှိနေတော့ ဒီနေရာရှာရမှာ တို့ကိုက အရှာလွဲနေတာ. . (မှန်ပါ)၊ ပေါ်ပြီလား. . . (ပေါ်ပါပြီ)။

## ပဋိစ္စသမုပ္ပါဒ်အလို

ဘယ်ရှာရမှာတုံးဗျ. . . (တစ်လံမျှလောက်သော ခန္ဓာ ကိုယ်ထဲရှာရမှာပါ)။ ပဋိစ္စသမုပ္ပါဒ်အလိုဖြင့် ဘယ်နှမျိုးထဲ ရှာရ မလဲ. . . (ရှစ်မျိုးထဲ ရှာရပါမယ်)၊ ရှစ်မျိုးထဲရှာလိုက်တော့ ငါးမျိုး ကို ဝိပဿနာရှုပြီးသကာလ ငါးမျိုးက ဝိပဿနာ ရှုစရာ. . . (မှန်ပါ)၊ မဂ်က ရှုတာ. . . (မှန်ပါ)၊ ရှု လိုက်တော့ တဏှာရော၊ ဥပါဒါန်ရော၊ ကံရော မချုပ်ဘူးလား . . . (ချုပ်ပါတယ်)၊ တဏှာ

သမုဒယသစ္စာလည်းချုပ်တယ်၊ ဥပါဒါန်သမုဒယသစ္စာကော . . . (ချုပ်ပါတယ်)၊ ကံတွေဆိုရင် ကော. . . (ချုပ်ပါတယ်)၊ အဲ-ဒုက္ခသစ္စာ၊ သမုဒယသစ္စာတွေ မချုပ်ဘူးလား. . . (ချုပ်ပါတယ်)။

ဒါဖြင့် ဒကာ ဒကာမတို့သည် ဘယ်မှာရှာကြပါ့မယ်. . နိဗ္ဗာန်. . . (တစ်လံမျှလောက်သောခန္ဓာကိုယ်ထဲရှာရပါမယ်)၊ ပဋိစ္စသမုပ္ပါဒ် အလိုတော့ ဘယ်နှမျိုးထဲလဲ (ရှစ်မျိုးထဲပါဘုရား)။

ရှစ်မျိုးထဲရှာတဲ့။ ရှစ်မျိုးထဲမှာပဲ ဆရာဘုန်းကြီးပေးတဲ့ မင်္ဂနဲ့သွင်းလိုက်. . . (မှန်ပါ)၊ မဂ်နဲ့သွင်းလိုက်တော့ ဒီဘက်က ဒုက္ခသစ္စာ. . . (မှန်ပါ)၊ ရှုတဲ့ဉာဏ်က. . . (မဂ္ဂသစ္စာပါ)၊ ဒီဘက် က ၁-၂ ချုပ်တာက. . . (နိရောဓပါ)၊ အဲ- သမုဒယချုပ်တာ. . . (မှန်ပါ)၊ ဒီဘက်က ကံတွေ ဇာတိ ဇရာ မရဏတွေ ချုပ်သွားတာ က. . . (နိရောဓပါဘုရား)။

ဟောဒီဟာရပြီ. . . (မှန်ပါ)၊ သေသေချာချာပိုင်တယ်၊ မပိုင်သေးဘူးလား. . . (ပိုင်ပါတယ်)၊ ဉာဏ်များပေါ်ပေါက်ကြပြီလား. . . (ပေါ်ပေါက်ပါပြီ)။

## ဝေဒနာနဲ့ တဏှာကြား မဂ်နဲ့ရှာရမယ်

ရှာတဲ့နေရာက တစ်လံမျှလောက်သော ခန္ဓာကိုယ်ထဲမှာ ရှာရမယ်။ ရှာတဲ့နေရာက ဘယ်နေရာကနေ ရှာရမလဲ. . . (ဝေဒနာနဲ့တဏှာကြားမှာပါ)၊ ဝေဒနာနဲ့ တဏှာကြားမှာ မဂ်နဲ့

ရှာလိုက်. . . (မှန်ပါ)၊ သဘောကျပြီလား. . . (ကျပါပြီ)၊ မဂ်နဲ့ ရှာတော့ ဒီဘက်ကို မရှာနဲ့၊ ဒီဘက်ကိုသာ ဖြစ်ပျက်ရှုလိုက်. . . (မှန်ပါ)၊ ဒီဘက် ဖြစ်ပျက်ရှုလိုက်တော့ ဒီဘက်က ဖြစ်ပျက်ဒုက္ခ သစ္စာ၊ ရှုတာက. . . (မဂ္ဂသစ္စာပါ)၊ ဒီဘက်ကနှစ်ခုသေတာက (သမုဒယသေတာပါ)၊ ဒီအကျိုးတွေပြတ်သွားတာက . . . (ဒုက္ခချုပ်တာပါ)၊ ဒါဖြင့် ဒီအထဲတွင် ရှာပေါ့. . . (မှန်ပါ)။

ဒါဖြင့် ခင်ဗျားတို့ မော်တော်ကားနဲ့တောင် ပြေးလိုက်၊ လေယာဉ်ပျံနဲ့တောင်ပြေးလိုက်၊ ပြေးချင်တိုင်းပြေး၊ ရှာချင်တိုင်းရှာ၊ နိဗ္ဗာန်သာရှာလို့ရှိရင်တော့ဖြင့် သေသေချာချာ မတွေ့ဘူး. . . (မှန်ပါ)၊ ဒကာကြွယ် ဘယ်မှာရှာမှတွေ့မလဲ. . . (တစ်လံမျှလောက်သော ခန္ဓာကိုယ်ထဲ ရှာရပါမယ်)။

တစ်လံမျှလောက်သောခန္ဓာကိုယ်ထဲရှာ၊ ပဋိစ္စသမုပ္ပါဒ်နဲ့ စိစစ်လိုက်တဲ့အခါ ဘယ်အထဲရှာရမလဲ. . . (ရှစ်ပါးထဲရှာရပါမယ်)၊ ကိုယ် ရှာရမယ့်နေရာ မှတ်ထားပါ. . . (မှန်ပါ)၊ ခင်ဗျားတို့ သန္တာန်ယခု မစ္ဆုပ္ပန်မှာ ဒီရှစ်မျိုးထက်များ ပိုပြီးရှိသေးသလား. . . (မရှိပါဘူး)။

## ဘယ်နေရာကနေပြီး ထိုင်ရှာရမှာတုံး

ဒါဖြင့် ဒီရှစ်မျိုးထဲမှာ ရှာရမယ်. . . (မှန်ပါ)၊ ဒီရှစ်မျိုးထဲမှာ ဘယ်နေရာကနေပြီး ထိုင်ရှာရမတုံး. . . (ဝေဒနာနဲ့တဏှာ

ကြားမှာထိုင်ရှာရပါမယ်)၊ ဒီကြားမှာ ထိုင်ရှာမှရမယ်၊ ဒိပြင် နေရာက ထိုင်မရှာနဲ့ဦး. . . (မှန်ပါ)၊ ရှာတဲ့နေရာက လွဲနေမှာ စိုးရသေးတယ်. . . (မှန်ပါ)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီ)။

## ဝေဒနာနဲ့ တဏှာကြားမှာထိုင်ရှာမှရမယ်

ဝေဒနာနဲ့ တဏှာကြားက ရှာတော့ကို နိဗ္ဗာန်ကို အထူး ရှာမနေနဲ့၊ သူ့ရှေ့နားကငါးခုကိုတစ်ခုခု ဖြစ်ပျက်တာရှုလိုက်၊ နိဗ္ဗာန်အလိုလိုပေါ်တယ်. . . (မှန်ပါ)။

## နိဗ္ဗာန်သည် ဖြစ်ပျက်ရှုရင် အလိုလိုပေါ်လာတယ်

ဒါဖြင့် နိဗ္ဗာန်သည် ဆုတောင်းရုံနဲ့ရတာလား-ရှုမှ အလို လိုပေါ်လာတာလား. . . (ရှုမှပေါ်တာပါ)။

ဒီဘက်ကအနိစ္စ-ရှုစရာက အနိစ္စ. . . (မှန်ပါ) ရှုတာက မဂ္ဂ။ သေတာက သမုဒယ။ ပိုင်တာက နိရောဓ (မှန်ပါ) ဘာလုပ် သးသတုံး . . . (ဒိပြင်ဘာမှ မလုပ်ရပါဘူး) ရှုလိုက်ရင် ပြီးသွား ပဲ . . . (မှန်ပါ) ရှင်းပြီလား (ရှင်းပါပြီ)။

## နိဗ္ဗာန်ရှာချင်ရင် ဘယ်မှာရှာကြမယ်

ဒါဖြင့် နိဗ္ဗာန်ရှာချင်ရင် ဘယ်မှာရှာကြမယ် . . . (တစ်လံ မျှသော ခန္ဓာကိုယ်မှာပါ)။ ဘယ်နေရာက ရှာကြမလဲ. . . . (ဝေဒနာနဲ့ တဏှာကြား ရှာရပါမယ်)။

ဝေဒနာနဲ့ တဏှာကြား ထိုင်ပြီးသကာလ နောက်ကို ရှာမှာလား . . . ရှေ့ကို ကြည့်မလား . . . (ရှေ့ကို ကြည့်ရမှာပါ) ရှေ့ကိုကြည့် . . . (မှန်ပါ့)။

## ရှေ့ပိုင်းက ဖြစ်ပျက် နောက်ပိုင်းကမင်္ဂ

ဒါဖြင့် ရှေ့ပိုင်းက ဖြစ်ပျက်၊ နောက်ပိုင်းကမင်္ဂ . . . (မှန်ပါ့) သူ့နောက်နားက သေတာက သမုဒယ။ ဒီဘက် အကျိုးတွေ မပေါ်တာက . . . (နိရောဓပါဘုရား)။ နိရောဓဆိုတော့ အင်မတန် ရှင်းနေပြီ . . . (မှန်ပါ) သဘောကျပြီလား . . . (ကျပါပြီ)။ တော်တော်မပိုင်သေးဘူးလား . . . (ပိုင်ပါပြီ) ဒါ တရားစစ် တရားမှန်ပဲဆိုတာကော ပေါ်ပြီလား . . . (ပေါ်ပါပြီ) ပါဠိတော်နဲ့ကော ကိုက်ပြီလား (ကိုက်ပါပြီ)။

ဒကာကြွယ်တို့ ရှေးက ရှာလာတာဟာ နိဗ္ဗာန်အရှာလွဲ လိမ့်မယ် . . . (မှန်ပါ) ဦးလှဖူး . . . (အရှာလွဲနေပါတယ်)။

## နိဗ္ဗာန်အရှာမလွဲပါစေနဲ့

နိဗ္ဗာန်အရှာလွဲနေတာ ဒကာဒကာမတွေ ပေါ်ပြီလား . . . (ပေါ်ပါပြီ) ဘယ်မှာ ရှာကြမှာတုံးဗျ . . . (တစ်လံမျှ လောက်သောခန္ဓာကိုယ်ထဲမှာ ရှာရမှာပါ)။

နောက်ကိုယ့်အိမ်ကျတော့ လူမသိ-သူမသိ ကိုယ့်အလံ

ကလေးနဲ့ တိုင်းကြဦး။ ငါ့ကိုယ်ဟာ ဘယ်နှလံများ ရှိပါလိမ့် ဆိုပြီး တိုင်းကြည့် . . . (တစ်လံလောက်ပဲ ရှိပါမယ်)။ အဲဒီထဲ ရှာရမှာပဲလို့ မှတ်ထား . . . (မှန်ပါ) တစ်လံမျှလောက်သော ခန္ဓာကိုယ်ထဲမှာလည်း ဘယ်နေရာကနေ ထိုင်ရှာရမလဲ . . . (ဝေဒနာနဲ့ တဏှာကြားကပါ)။

## နိဗ္ဗာန်ကအလိုလိုပေါ်မည့်ပစ္စည်း

ရှာတဲ့အခါကျလို့ရှိရင်ဖြင့် နိဗ္ဗာန်ကရှာယူရမယ့် ပစ္စည်းလား - အလိုလိုပေါ်မယ့်ပစ္စည်းလား . . . (အလိုလို ပေါ်မယ့် ပစ္စည်းပါဘုရား) အဲ -သူ့ရှေ့ပိုင်းက တရားတွေကိုသာ ဖြစ်ပျက်ရှုလိုက်ရင် အလိုလို ပေါ်လာမှာပဲ (မှန်ပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီ) နေရာကျပြီလား . . . (ကျပါပြီ)။

ကဲ - ယနေ့ ဒီတွင် တော်ကြစို့ . . ။

သာဓု . . . သာဓု . . . သာဓု။